စစ်ကိုင်းတိုင်း ဝန်းသိုမြို့

မကျီးကုန်းကျောင်း ဆရာတော်

နိုင်ငံတော် သံဃမဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ အာစရ မထေရ်

ရေးသားအပ်သော

# မေတ္တာစေတော ဝိမုတ္တိကထာ

ဓမ္မဒါန

(တတိယအကြိမ်)



နိုင်ငံတော် သံဃမဟာနာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
**ဘဒ္ဒန္တ အာစရမထေရ်**

နိုင်ငံတော်သံဃမဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ အာစာရ မထေရ်

ရေးသားအပ်သော

# မေတ္တာစေတော ဝိမုတ္တိကထာ

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်(၁၉၈၂)<br>ဒုတိယအကြိမ်(၁၉၈၅)<br>တတိယအကြိမ်၊ ၁၉၉၅-ခုနှစ်၊<br>ဒီဇင်ဘာလ။ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဘိုး | ဓမ္မဒါန |
| စာအုပ်စာတန်း | |
| ပုံနှိပ်ထုတ်ဝေခွင့်အမှတ် | ၁/၉၅(၁၂) |
| မျက်နှာဖုံးပုံနှိပ် | |
| ခွင့်ပြုအမှတ် | ၃၃ /၉၅(၁၂) |
| ကွန်ပျူတာ/ဒီဇိုင်း | မွှေစင်ကျော် (ဖုံး-၂၂၆၀၃) |
| ဖလင်ခွဲ | အေဇက် |
| စာအုပ်ချုပ် | နိုင်မိသားစုစာအုပ်ချုပ်လုပ်ငန်း |
| ထုတ်ဝေသူ | ဦးသောင်း၊ (၀၁၁၁၄)၊<br>ရွှေပင့်ကူစာပေ<br>၅၂၅/ခ၊ ဂ ရပ်ကွက်၊<br>ဒဂုံမြို့သစ်မြောက်ပိုင်း။<br>ဒဂုံမြို့သစ်၊ |
| ပုံနှိပ်သူ(အဖုံး/အတွင်း) | ဒေါ်ခင်ရီ (မြဲ -၀၂၅၀၅)<br>နေရီရီပုံနှိပ်တိုက်<br>၂/က အောင်ရတနာလမ်း<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဖွင့်နိဒါန်း | ၁ |
| မေတ္တာအကြောင်းသိကောင်းစရာ | ၇ |
| မေတ္တာ၏ရန်သူ | ၁၀ |
| မေတ္တာအပြား | ၁၂ |
| မေတ္တာကမ္မဋ္ဌာန်း | ၁၄ |
| ဒေါသ၏အပြစ် | ၁၅ |
| ခန္တီ အကျိုး | ၁၆ |
| ပုဂ္ဂလဒေါသ | ၁၆ |
| ပုဂ္ဂလဒေါသဖြစ်ပုံ | ၁၈ |
| မိမိကိုသာရှေးဦးစွာ | ၂၀ |
| ကိုယ်ချင်းစာတရားထားပုံ | ၂၁ |
| မေတ္တာပို့ရမည့်သူ | ၂၃ |
| သိမသမ္ဘေဒ | ၂၅ |
| အမျက်ဖြေနည်း | ၂၈ |
| ကကစူပမာသြဝါဒ | ၂၈ |
| ရန်သူကို ဤသို့သဘောမထားရ | ၃၀ |
| သမာစာရ(၃)မျိုး | ၃၂ |
| မိမိကိုယ်ကို ဆုံးမပါ | ၃၉ |
| ကမ္မဿကာသတ္တဝါ | ၄၃ |
| အလောင်းတော်ဘဝဒွေသည်းခံပုံ | ၄၄ |

| အကြောင်းအရာ | တမျက်နှာ |
|---|---|
| အနမတဂ္ဂသုတ် | ၄၆ |
| မေတ္တာအကျိုး ၁၁-မျိုး | ၄၇ |
| မိလိန္ဒမင်းကြီးမေး ရှင်နာဂသိန်ဖြေ | ၄၉ |
| သသမ္ဘာရဓာတုဝိဘာဂ | ၅၃ |
| ပေးကမ်းခြင်း အောင်မြင် | ၅၅ |
| ညီမျှမေတ္တာ | ၅၆ |
| သိမသမ္ဘေဒ ဖြစ်-မဖြစ် | ၅၇ |
| မေတ္တာစေတောဝိမုတ္တိ | ၆၅ |
| အဝယဝတ္တအဓိပ္ပာယ် | ၆၇ |
| ၅၂၈-မေတ္တာ | ၇၄ |
| ဒိဋ္ဌိဥဇုအနုပဂ္ဂမ္မ | ၇၇ |
| ချမ်းသာလေစွတကား | ၈၃ |
| **နောက်ဆက်တွဲ** | |
| ဗလိဗောဓအကြောင်းသိကောင်းစရာ | ၈၅ |
| တရားအားထုတ်ရာ မလျော်သောကျောင်းမျိုး | ၈၇ |
| သပ္ပါယ ၇-မျိုး | ၈၉ |
| အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောကျောင်း | ၉၀ |
| ကထာဝတ္ထု ၁၀-ပါး | ၉၀ |
| ကလျာဏမိတ္တအင်္ဂါ | ၉၁ |
| ကမ္မဋ္ဌာန်းယောဂီ၏အင်္ဂါ | ၉၂ |
| အို...ပညာရှိ ယောဂီ | ၉၃ |
| နိဂုံး | ၉၅ |

# နိဒါန်း

မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင် ရဟန်းတို့ မဆုတ်ယုတ်ကြောင်း အပရိဟာနိယ–ခြောက်ပါး၌ "ရဟန်းတို့ သီတင်းသုံးဖော်တို့အား မေတ္တာဖြင့်ပြုသော ကိုယ်အမှုအရာ၊ မေတ္တာဖြင့်ပြုသော နှုတ်အမှုအရာ၊ မေတ္တာဖြင့်ပြုသော စိတ်အမှုအရာတို့ကို မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ ရှေ့ရှု ထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိ"စသည်ဖြင့် ဟောတော်မူသည်။

ဤ၌ ရဟန်းတော်တို့အား ဦးတည်၍ ဟောတော်မူသော်လည်း ရဟန်းရှင်လူ မည်သူမဆို အိမ်သူအိမ်သားအချင်းချင်း၊ ရပ်သူရွာသားအချင်းချင်း၊ မြို့သူမြို့သား နယ်သူနယ်သား ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း ဖော်ပြပါ ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ထားနိုင်ကြမည်ဆိုလျှင် ပုဂ္ဂိုလ်သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိကြပြီးလျှင် တကယ့်စစ်မှန်သည့်ငြိမ်းချမ်းမှုကို ရရှိကြပေမည်။ ဤကဲ့သို့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ မထားနိုင်ကြပါလျှင် တစ်မိသားချင်း–ဝါ–ညီအစ်ကို မောင်နှမအရင်းဖြစ်သော်လည်း ငြိမ်းချမ်းမှုကို ရနိုင်ကြမည်မဟုတ်ပါပေ။

ထို့ကြောင့် စိတ်ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းဆိုသည့် ချမ်းသာမှုကို လိုလားကြပါလျှင် ဖော်ပြပါ ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာတို့ကို ထားနိုင်ကြရန် ကြိုးစားကြရမည်။ ဤကဲ့သို့ထားနိုင်ရန် (ဝါ) မေတ္တာပွားနိုင်ကြရန် ဤမေတ္တာမေတ္တာဂိမ္ဘီကထာ စာအုပ်၌ မေတ္တာပွားနည်းကို အပြည့်အစုံ ဖွင့်ဆိုရေးသား ထားပါသည်။

ဤစာအုပ်ကို ပထမတစ်ခေါက် အကြမ်းဖျင်း ဖတ်ရှုပါ။ ထို့နောက် အသေးစိတ် ပြန်ဖတ်ပါ၊ ဤကဲ့သို့ အသေးစိတ် ပြန်လည်ဖတ်ရှုပြီးလျှင် မိမိတတ်အားသမျှ ပွားများပါ၊ အားထုတ်ပါ၊ ဤမေတ္တာဘာဝနာပွားရာ၌ အခြားသော သမထဘာဝနာ ဝိပဿနာ ဘာဝနာ ပွားနည်းများနှင့်မတူသည့် အချက်တစ်ချက်ရှိပါသည်။ အခြားသော သမထဘာဝနာ ဝိပဿနာဘာဝနာကိုပွားရာ၌ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ စသည်ဖြင့် ထက်ဝယ်ဖွဲ့ (တင်ပလ္လင်ခွေ)ကိုယ်ကိုဖြောင့်ဖြောင့်ထား စသည်ဖြင့် ဟောတော် မူသော်လည်း ဤမေတ္တာဘာဝနာပွားရာ၌မူ- တိဋ္ဌ-စရံ-နိသိန္နောဝါ သယာနော စသည်ဖြင့် ဟောတော်မူသောကြောင့် ရပ်လျက်ဖြစ်စေ၊ လမ်းသွားနေရင်းဖြစ်စေ၊ ထိုင်နေရင်းဖြစ်စေ၊ လျောင်းစက်(အိပ်) နေရင်းဖြစ်စေ ပွားများနိုင်ပါသည်။ ထို့ကြောင့် ရပ်-သွား-ထိုင်- လျောင်း ဣရိယာပုတ်လေးပါးလုံး၌ “ပွားနိုင်တဲ့စခန်း”ဟု ဟောတော် မူသောကြောင့် စက္ကန့်ပိုင်း မိနစ်ပိုင်း စသည်ဖြင့် မိမိတတ်အားသမျှ ပွားများနိုင်ကြပါစေ။

ဣတိဝုတ်ပါဠိတော် ဧကနိပါတ် မေတ္တာဘာဝနာသုတ်၌ မေတ္တာဘာဝနာပွားများရခြင်း၏ အကျိုးကို "ရဟန်းတို့ ခန္ဓာဟူသော ဥပဓိအကျိုးရှိသော ပုညကိရိယာ ကုသိုလ်ကောင်းမှုဟူသမျှ အားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာဈာန်)၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မထိုက်ကုန်"ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် ပုညကိရိယာ ကုသိုလ်ကောင်းမှုဟူသမျှ အားလုံးတို့ထက် လွန်မြတ်သော "မေတ္တာစေတောဝိမုတ္တိကထာ"ခေါ် မေတ္တာဘာဝနာကို တတ်အားသမျှ ပွားများအားထုတ်နိုင်ကြစေရန် တိုက်တွန်းလိုက်ရပေသတည်း။

အရှင်အာစရ (အဂ္ဂမဟာပဏ္ဍိတ)<br>ဝန်းသိုဆရာတော်

မောင်အုံ (မဟာဝိဇ္ဇာ၊ ဘုံဘော)၏

## အမှာ

မေတ္တာတရားခေါင်းပါးသော ကမ္ဘာသည် ခိုက်ရန်ဒေါသများဖြင့် ပြည့်လျှံနေမည်ဖြစ်ပြီး အချင်းချင်း နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်မှုများ၊ ခိုးယူလုယက်တိုက်ခိုက်မှုများ အဆက်မပြတ်နေ့စဉ် ဖြစ်ပေါ်နေပေမည်။ ဒေသစစ်ပွဲများနှင့် ကမ္ဘာစစ်ကြီးများ မကြာခဏ ဖြစ်ပေါ်နေမည်ကို အတိတ်ကာလအဖြစ်အပျက်များက သက်သေခံလျက်ရှိပေသည်။

မေတ္တာတရား ခြုံလွှမ်းထားသော ကမ္ဘာသည်ကား ခိုက်ရန်ဒေါသများ ကင်းရှင်းပြီး အချင်းချင်း ကိုယ်ချင်းစာတရားများ ထားရှိကာ တစ်ဦးနှင့်တစ်ဦး၊ တစ်ပြည်နှင့်တစ်ပြည် ခိုက်ရန်ဒေါသမရှိ၊ ဗိုလ်ကျအနိုင်ကျင့်မှုများမရှိဘဲ တန်းတူညီမျှ ငြိမ်းချမ်းသာယာပျော်ရွှင်စွာ နေထိုင်နိုင်ကြမည် ဖြစ်သည်။

ဤသည်မှာ ဒေါသနှင့် မေတ္တာတို့၏ အတွင်းသဘောနှင့် ပြင်ပအသွင်သဏ္ဌာန်များပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မေတ္တာတရားခေါင်းပါးခြင်း၏ အပြစ်နှင့် မေတ္တာတရားပွားများခြင်း၏ အကျိုးများပင် ဖြစ်သည်။

မေတ္တာတရား ခေါင်းပါးနေသော ကမ္ဘာကြီးအား မေတ္တာဘာဝနာ ပွားများလျက် လူသားအချင်းချင်း မေတ္တာသက်ဝင်ချစ်ခင်လာစေရန်၊ ကိုယ်ချင်းစာတရားများ ထားရှိနိုင်စေရန်အတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဝန်းသိုမြို့၊ မကျည်းကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစရ အရှင်မြတ်သည် ဤကျမ်းကို ပြုစုထားပါသည်။

ယူတိုင်းလူတိုင်းသည် ဤကျမ်းကို ဖတ်ရှုမှတ်သားပြီး မေတ္တာဘာဝနာ ပွားများပါက မေတ္တာဘာဝနာ၏ အကျိုးကို လက်ငင်းဒိဋ္ဌ ရရှိစေနိုင်မည် ဖြစ်ပေသည်။ မေတ္တာဘာဝနာပွားသူသည် ဦးစွာပထမ မည်သူ့အား မေတ္တာပွားရမည်ကိုလည်းကောင်း၊ ဒုတိယ မည်သူ့အား မေတ္တာပွားရမည်ကိုလည်းကောင်း၊ မည်သည့် ပုဂ္ဂိုလ်မျိုးကိုဖြင့် မေတ္တာမပွားသင့်ပုံကိုလည်းကောင်း ရှင်းလင်းရေးသား ဖော်ပြထားသည်မှာ မေတ္တာဘာဝနာ ပွားလိုသူတို့ အနေဖြင့် သိသင့်သိထိုက်သော အချက်များ ပြည့်စုံလှပေသည်။

မေတ္တာသည် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာအားဖြင့် သုံးမျိုးရှိရာတွင် မနောကံမေတ္တာသည်သာ လိုရင်းပဓာနကျ၍ မနောကံမေတ္တာ ခိုင်မြဲလျှင် ကာယကံမေတ္တာနှင့် ဝစီကံမေတ္တာတို့ကို အလိုအလျောက် ဖြစ်ပေါ်စေနိုင်ပေသည်။ မေတ္တာ ဘာဝနာ ပွားသည့် ပုဂ္ဂိုလ်သည် မနောကံမေတ္တာကို ခိုင်မြဲအောင် ရှေးဦးစွာ ဆောင်ရွက်ရပေမည်။ ထို့နောက် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာတို့ကို ပွားများရမည် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်က ယင်းမေတ္တာသုံးမျိုးကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုရေးသားထားသည်-

"ကာယကံမေတ္တာဆိုသည်မှာ ချမ်းသာစေလို၊ ကောင်းစေ လိုသော စိတ်စေတနာဖြင့် သူတစ်ပါးတို့၏ အမှုကိစ္စကို မိမိကိုယ်ဖြင့် ဆောင်ရွက်မှုမျိုးကို ဆိုသည်။ ဤကာယကံမေတ္တာနှင့် ပြည့်စုံသူသည် သူတစ်ပါးတို့ ပြုဖွယ်ကိစ္စရှိလျှင် မိမိကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်း ရှိသရွေ့ ပါဝင်ကူညီ ဆောင်ရွက်ပေးတတ်သည်။ ထို့ပြင် ယဉ်ကျေး သော ကိုယ်အမူအရာနှင့် ပြည့်စုံပြီး သူတစ်ပါး၏ အကျိုးစီးပွား ပျက်ပြားမည့် အလုပ်ကို အထူးရှောင်ရှားတတ်လေသည်။

ဝစီကံမေတ္တာဆိုသည်မှာ ချမ်းသာစေလို ကောင်းစေလိုသော စိတ်ေ ကနာဖြင့် နှုတ်မြွက်ပြောဆိုခြင်းကို ဆိုသည်။ ဤဝစီကံမေတ္တာနှင့် ပြည့်စုံလျှင် သူတစ်ပါးတို့ အကျိုးစီးပွားများမည့်အကြောင်း ကောင်းသောစကားကိုသာ ပြောဆိုတတ်ပြီးလျှင် ယဉ်ကျေးသိမ်မွေ့သော နှုတ်အမူအရာနှင့် ပြည့်စုံ၏။ အပြစ်ရှိသူပင်ဖြစ်သော်လည်း ထိုအပြစ်ကို ဖယ်ရှားလျက် ဂုဏ်ကျေးဇူးကိုသာ ရှာကြံ၍ ပြောဆိုချီးမွမ်းတတ်ပြီး သူတစ်ပါးတို့ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်မည့် စကားမျိုးကို အထူးရှောင်ရှားတတ်လေသည်။

မနောကံမေတ္တာဆိုသည်မှာ ချမ်းသာစေလို ကောင်းစေလိုသော အားဖြင့် စိတ်နေစိတ်ထား ဖြူစင်ခြင်းကို ဆိုသည်။ ဤမနောကံမေတ္တာနှင့် ပြည့်စုံသောသူသည် သူတစ်ပါးတို့ အကျိုးစီးပွားများရန်ကိုသာ အလိုရှိပြီး ယဉ်ကျေးသော စိတ်နေစိတ်ထားနှင့် ပြည့်စုံ၏။ ဒေါသဂိုဏ်းနှင့် စပ်သမျှ ပူလောင်ခြင်း စသည်တို့မှ ကင်းစင်သဖြင့် သူတစ်ပါး၏ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်သော အရာတို့ကို မကြံစည် မတွေးတောတော့ပြီ။

မှန်ပေသည်။ ဤမေတ္တာသုံးမျိုးနှင့် ပြည့်စုံသူသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်တတ်၏။ သတ္တဝါတို့ထံသို့ အကျိုးစီးပွားကိုယပ်၍ ဆောင်ယူတတ်၏။ အေးမြငြိမ်းချမ်းသော စိတ်နေစိတ်ထားသာလျှင် ဉာဏ်၌အမြင် ရှေ့ရှုထင်နေ၏။ သတ္တဝါတို့၏ နှစ်သက်ဖွယ်သော ဉာဏ်ကိုသာ ရှုမြင်တတ်သည့် ယောနိသောမနသိကာရ စိတ်ထားရှိ၏။ ”

ဆရာတော်သည် မေတ္တာ၏သဘောသရုပ်ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် အပိုအလိုမရှိ တိုတိုကျဉ်းကျဉ်း လိုရင်းကိုသာ ရေးသားထားသည်။ ထို့ကြောင့်-

ဝန်းသိုဆရာတော် ရေးသားပြုစုသော ဤ"မေတ္တာစေတော ဝိမုတ္တိကထာ"ကျမ်းသည် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသူများအတွက် လမ်းညွှန်မီးရှူးတန်ဆောင်ဖြစ်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာ တိုးပွား စေနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်သက်သေခံလိုက်ပါသည်။

မောင်အုံ(မဟာဝိဇ္ဇာ၊ ဘုံဘော)

## "အမွှင့် နိဒါန်း"

"ငါးရာ့နှစ်ဆယ် ရှစ်ဖြာပြ၊ မေတ္တာဗြဟ္မ စရိယာ၊
လှစ်ကာမမွေ့၊ ရှိအလာကို၊ မသိရှာသူ မှတ်စေသား ...။

အနောဒိဿ ငါးသချာမှာ၊ ဩဒိဿသတ္တာ နှစ် မျိုးရှေ့ရှု့ထား...။

တကျိပ်နှစ်ယောက် စုဝေးလာသော်၊ နွှံ့လေး သဒ္ဒါ မြှောက်လျက်ပွား၊

ရှုရေးတခါ ထောက်ချက်မှားဘူ့၊ အောက်, ထက် နှစ်ပါး, ရှစ်ဌာနီ ...။

ဆယ်ခုသချာ—ဖော်ကာတန်း၊ ပေါ်လာဂဏန်း လေးရာ့ရှစ်ဆယ်ညီ ...။

ဒိသာအရပ် – ကပ်မမှီသည်၊ ဌာစတ္တာလီ တဖန် လောင်းတော့၊

အမှန်ဖြစ်ကြောင်း၊ ငါးရာ့နှစ်ဆယ်ဝယ်၊ ရှစ်ပါး ရေတွက်ကယ် ...။

နတ်လူချစ်လို့၊ အပြစ်ကွယ်သည်၊ အနှစ်သဖွယ် တရား ပေမို့လေး...”

မဟာဂီတဆရာကြီး ဦးပြုံးချို ရေးစပ်ခဲ့သော မေတ္တာဖွဲ့ ရှစ်ဆယ်ပေါ် တေးထပ်ဖြစ်သည်။

ဤ“**မေတ္တာစေတောဝိမုတ္တိကထာ**” ကျမ်းလာ မေတ္တာပွားနည်းအကျယ်ကို အလွယ်တကူ သိသာစေနိုင်သော အဖွဲ့မျိုးဖြစ်သည်။

ရည်ညွှန်းခြင်းမရှိပဲ မေတ္တာပွားအပ်သော (အနောဒိဿ) ပုဂ္ဂိုလ် ၅-ယောက်၊ ရည်ညွှန်းအပ်သော (ဩဒိဿ) ပုဂ္ဂိုလ် ၇-ယောက်၊ ပေါင်း ၁၂-ယောက်၊ အရပ် ၁၀-မျက်နှာ တည်၊ ပုဂ္ဂိုလ် ၁၂-ယောက်နှင့် မြှောက် =၁၂၀၊ ၎င်း ၁၂၀ တည်၊ ဋ္ဌ ၄-ခုနှင့် မြှောက်=၄၈၀၊ သဗ္ဗေပါဏာ စသော အနောဒိဿ ပုဂ္ဂိုလ် ၅၊ သဗ္ဗာဣတ္ထိယော စသော ဩဒိဿပုဂ္ဂိုလ် ၇-ယောက်တို့ကို မေတ္တာပို့ရာ၌၊ ဋ္ဌ ၄-ခုတွင် တပါးပါးဖြင့် အဆုံးသတ်ရလေသောကြောင့် ထိုပုဂ္ဂိုလ် ၁၂-ဦးတို့ကိုတည်၊ ဋ္ဌ ၄-ခုနှင့်မြှောက် (၄၈)သည် မူလဖြစ်၏။ ၎င်း မူလ ၄၈ နှင့်ပေါင်းသော် ၅၂၈ မေတ္တာပွားနည်း ဖြစ်လာလေသည်၊ သို့သော် ဘယောက်ယောက် အပေါ်၌ ယင်း ၅၂၈ မေတ္တာစိတ်ဖြင့် အာရုံမပြုနိုင်ကြပါ၊ ဤနည်းမှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ မေတ္တာပွားနည်း ၅၂၈ ဖြစ်သည်။

“နောဒိ, ပဥ္စ၊ ဩ, သတ္တ၊ ဒွါဒပုဂ္ဂလာ၊
အပ္ပနာဟု၊ ဋ္ဌ [illegible] လးခု၊ မြှောက်ရှဋ္ဌစတ္တာ၊

လေးရာ့ရှစ်ဆယ်၊ ဂဏာန်းချယ်၊ မြှောက်ဆယ်ရပ်
မျက်နှာ။

ငါးရာ့နှစ်ဆယ်၊ ရှစ်ခုကယ်၊ များကျယ် ပွား မေတ္တာ...”

ဟူ၍လည်း ရှေးက ပညာရှင်ပုဂ္ဂိုလ်ကျော်တို့ ထုတ်ဖော်စီကုံးခဲ့လေသည်။

မှန်ပါသည်...။

မေတ္တာသည် ချစ်ခင်မြတ်နိုးခြင်းကိုခေါ်၏။ သတ္တဝါတို့ အပေါ်၌ မိမိရင်ဝယ်သားကဲ့သို့ ထားရှိအပ်သောစိတ်နှင့် ယှဉ် သော **အဒေါသတရားကိုယ်ဖြစ်သည်။**

မေတ္တာ၏သဘောမှာ ကိုယ်-စိတ်-နှုတ် ကြမ်းတမ်းမှု မရှိပဲ နူးညံ့ပြေပြစ်ခြင်း...

ရန်ငြိုးဖွဲ့၍ အမျက်ဒေါသ မာန်မာနမရှိပဲ ကိုယ်စိတ်နှစ်ဖြာ အေးမြစွာရှိခြင်း...

အချင်းချင်း ချမ်းသာမှုရှိ၍ မေတ္တာသဘောနှင့် နေထိုင်ခြင်းများဖြစ်သည်။

တနည်းဆိုရသော်...သူတပါး အကျိုးစီးပွားကို ဆောင်ရွက်လိုခြင်း၊ ရန်ငြိုးဖွဲ့မှုမှကင်းခြင်း၊ သတ္တဝါတိုင်းအား နှစ်သက်စေခြင်းများလည်းဖြစ်သည်။

သတ္တဝါအချင်းချင်း မေတ္တာစာတ် ကူးလူးဆက်ဆံကြွဲရာ၌ မေတ္တာပွားခြင်း၏ အကျိုးဆက်ဟုဆိုနိုင်ပါသည်။

မေတ္တာစာတ်ဖြင့် ကူးလူးဆက်ဆံကြရာ၌ မြေဩဇာသည် စိုပြည်လတ်ဆတ်သဖြင့် နွယ်, မြက်, သစ်ပင်တို့လည်း ဆေးဖက် သို့ပင် ဝင်ကြသည်။

"တရေးမေတ္တာ၊ ပွားသောခါ၌၊
ဩဇာလေးနက်၊ ပေါ်လာ တက်၍၊
နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏"

အချင်းချင်း မေတ္တာစာတ် ခန်းခြောက်လာသည့်အခါ မြေဆီဩဇာစာတ်ဟို့လည်းခန်းခြောက်၊ အနှစ်အဆီတက်ခြင်း မရှိတော့သဖြင့် ဆေးဖက်သို့ပင် မသက်ဝင်နိုင်လေပြီ။

မိုးသည် သတ္တဝါတို့၏ ဝေတ်မွတ်ခေါင်းပါးခြင်း စည်ပင် ဝ, ပြောခြင်းနှစ်မျိုးတို့ကိုဖြစ်စေနိုင်သကဲ့သို့ မေတ္တာစာတ်သည် လည်း သတ္တဝါတို့၏ ချမ်းသာခြင်း, ဆင်းရဲခြင်းနှစ်မျိုးဖြစ် နိုင်သည်။

လူတို့၏ သက်တမ်းသည် မေတ္တာစာတ် ခေါင်းပါးသည့် ခေတ်မျိုးနှင့်ကြုံတွေ့ရပါလျှင် အသက်တိုကြရ၏၊ သက်တမ်း တိုခြင်း၏အကြောင်းရင်းမှာလည်း မေတ္တာစာတ် ယုတ်လျော့ အားနည်းပြီး . . .

မိဘတို့ကို မရိုသေခြင်း

ရဟန်းသံဃာတို့ကို မလေးစားခြင်း

အသက်အရွယ်ကြီးသူတို့ကို မထေမဲ့မြင်ပြုခြင်း . . . စသည်များကြောင့် အသက်တိုတတ်ကြရသည်။

## မေတ္တာစေတောဝိမုတ္တိဆရာတော်

**မေတ္တာ**=သတ္တဝါမှန်သမျှတို့ကို အညီအမျှ ချစ်ခင်မြတ်နိုးတတ်သည်။

**စေတော**= ထိုချစ်ခြင်း သဘောကို စေ့ဆော်တတ်သည်၊ **ဝိမုတ္တိ**–အမျက်ဒေါသ ထကြွမှု အားလုံးတို့မှ လွတ်မြောက်စေသည်၊ **ကထာ**=ယင်းတို့ကို ဖွင့်ဆိုရာစကား။

"မေတ္တာစေတောဝိမုတ္တိကထာ" ဤကျမ်းစာအုပ်ကို ရိုးရိုးနှင့်ယဉ်သော ပါဠိအမည်ဖြင့် သုံးစွဲထားလေသည်။ သတ္တဝါတို့ ကို အညီအမျှ ချစ်တတ်သော မေတ္တာဖြင့် ချစ်ခြင်းသဘောကို လှုံ့ဆော်လျက် အမျက်ဒေါသ အားလုံးတို့မှ လွတ်မြောက်စေသောစကားဟု အဓိပ္ပာယ်ထွက်သည်။

သတ္တဝါတိုင်း မေတ္တာစေလွှတ်နေသော **မေတ္တာစေတော ဝိမုတ္တိ ဆရာတော်**ဟူ၍ ကင်းပွန်းတပ်သင့်လေသည်။

ယင်းဆရာတော်ကား ဤရိုးစင်းလှသော"မေတ္တာစေတောဝိမုတ္တိကထာ" ပါဠိအမည်ဖြင့် မေတ္တာအကြောင်း သိကောင်း စရာအချက်အလက်တို့ကို ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့မှ

နှံ့စပ်စွာပေါ်ထွက်လျက် ပြုစုစီရင်သော စစ်ကိုင်းတိုင်း ဝန်းသိုမြို့ မကျီးကုန်း ကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တ အာစရမထေရ်** ပင်ဖြစ်သည်။ နိုင်ငံတော် သံဃမဟာနာယက, အဖြစ်နှင့်လည်း သာသနာ့တာဝန်များ ကို တက်ကြွစွာ ထမ်းဆောင်တော်မူနေ လေသည်။

ဆရာတော် ဘဒ္ဒန္တ အာစရမထေရ်သည် ဤစာအုပ်တွင် မေတ္တာရှုပွားနည်း၊ မေတ္တာခါတ်ခံယူနည်း၊ မေတ္တာပို့နည်း၊ မိမိအတွက် မေတ္တာပွားနည်း၊ အများအတွက် မေတ္တာပွားနည်း စသော မေတ္တာ ပွားနည်းနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်း များကို ပြည့်စုံစွာ ဖေါ်ကျူးထားကြောင်း မျက်ဝါး ထင်ထင် ကြေးမုံသွင်အလား, အထင်အရှား ဖတ်ရှုလေ့လာ မှတ်သားကြရန်ပင် ဖြစ်ပါသည်။

"မေတ္တာစေတောဝိမုတ္တိကထာ"ဟူသော မေတ္တာစေလွှတ် နည်းနှင့် စပ်လျဉ်း၍ စာတစောင် ပေတဖွဲ့ အဖြစ် လိုအပ် နေရာ...

ဆရာတော်သည် ယင်း၏လိုကွက်ကို ဖြည့်စွက်လိုက်ခြင်း ပင် ဖြစ်ပါသတည်း။

လယ်တီဦးလှပိုင်

(၈-၆-၈၂)

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မေတ္တာစေတောဝိမုတ္တိကထာ

## မေတ္တာအကြောင်း သိကောင်းစရာ

မေဒ္ဒတီတိ မေတ္တာ၊ သိနိယှတီတိ အတ္ထော (ဝိသုဒ္ဓိမဂ်) ယာဓမ္မဇာတိ–အကြင် တရားသဘောသည်၊ မေဒ္ဒတိ–ချစ်ခင် တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ သာဓမ္မဇာတိ–ထိုတရား သဘောသည်၊ မေတ္တာ–မေတ္တာမည်၏၊ သိနိယှတိ– ချစ်ခင်တတ်၏၊ ဣတိအယံ–ဤသည်ကား၊ အတ္ထော၊ အနက်တည်း။

ဤအလို မေတ္တာဟူသည် ချစ်ခင်ခြင်းဟု အဓိပ္ပာယ်ရ၏။ ဤသို့ ချစ်ခင်ခြင်းသည် တဏှာပေမ–တဏှာဖြင့်ချစ်ခြင်း၊ မေတ္တာပေမ–မေတ္တာဖြင့်ချစ်ခြင်းဟု နှစ်မျိုးရှိ၏။ ထိုတွင် တဏှာပေမခေါ် တဏှာဖြင့် ချစ်ခြင်းသည် မောဟရှေ့သွားခြင်းရှိသော (ဝါ) မောဟပြဋ္ဌာန်းခြင်းရှိသော လောဘတရားတည်း။ စွဲစွဲ လမ်းလမ်း တပ်စွန်းခြင်းပြင်းစွာဖြင့် သာယာခင်မင်၊ လိုချင် စေးကပ်၊ ငြိတွယ်တတ်၍၊ မခွဲနိုင် မခွာနိုင်ရက် ချစ်ခင်ခြင်း စွဲစွဲလမ်းလမ်း ကြည်ညို

ခြင်းသဘောရှိ၏။ ၎င်းမှာ အကုသိုလ် တရားစင်စစ်ဖြစ်သည်။ အရှင်ဆန္နမထေရ်၊ အရှင်ဝက္ကလိမထေရ်တို့ ဘုရားရှင်အား ချစ်ခင်ခြင်း မျိုးဖြစ်၏။ ဂေဟဿိတပေမ–ဟုလည်း ခေါ်၏။

မေတ္တာပေမခေါ် မေတ္တာဖြင့် ချစ်ခြင်းမှာ ဤကဲ့သို့မဟုတ် ပညာရှေ့သွားရှိခြင်း (ဝါ) ပညာပြဋ္ဌာန်းခြင်းရှိ၍ ဒေါသ ဂိုဏ်းနှင့် စပ်ဆိုင်သော ပြစ်မှားရှုတ်ချ ဝန်တိုစောင်းမြောင်း ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ အမျက်ထွက်ခြင်းစသော ပူလောင်ခြင်း မျိုးတို့မှ ကင်းဝေးစင်ကြယ်ခြင်း သဘောရှိ၏၊ အ, လောဘနှင့် ယှဉ်သောကြောင့် မတွယ်တာမငြိကပ်ပဲ အေးမြကြည်လင် ချစ်ခင်ခြင်းသဘောရှိ၏။ ကုသိုလ်တရား စင်စစ်ဖြစ်၏။ ကုသိုလ်တရားတို့တွင်လည်း မဟဂ္ဂုတ်ကုသိုလ် (ဝါ)မြင့်မြတ်သော ကုသိုလ်ဖြစ်၏။ ထို့ကြောင့် သူတပါးတို့ ချမ်းသာစေလိုခြင်း ကောင်းစေလိုခြင်း ဟူသော အကျိုးစီးပွားကို လိုလားတတ်သော သဘောမျိုးကို "မေတ္တာ" ဟုဆိုသည် (ဝါ) မေတ္တာဟု မှတ်ပါ။

## သာဓကေပါဠိ

သိနိယှတိတိဓတ္တ သတ္တေသု ဗျာပဇ္ဇဝသေန၊
လူခဘာဝဿ ပဋိပက္ခဘူတံ ဉာဏပုဗ္ဗင်္ဂမံ၊
ဟိတာကာရပ္ပဝတ္တိဝသေန သိနေဟံ ဒဋ္ဌဗ္ဗံ။
န တဏှာယဝသေန။

အနက်။ သိနိယှတိတိဓတ္တ၊ သိနိယှတိဟူသော ဤပုဒ်၌၊ သတ္တေသု–သတ္တဝါတို့၌၊ ဗျာပဇ္ဇဝသေန–ဖျက်ဆီးသည်၏အစွမ်းဖြင့်၊ လူခဘာဝဿ–ကြမ်းတမ်းသွေ့ ခြောက်သောအဖြစ်၏၊ ပဋိပက္ခဘူတံ–ဆန့်ကျင်ဘက်

ဖြစ်၍ဖြစ်သော၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်လျှင်ရှေ့သွားရှိသော (ဝါ)ဉာဏ်ပြဋ္ဌာန်းသော၊ ဟိတာကာရပ္ပဝတ္တိ ဝသေန-အကျိုးစီးပွားကို ကျင့်လိုသော အခြင်းအရာကိုဖြစ်စေခြင်း၏အစွမ်းဖြင့်၊ သိနေဟံ-ချစ်ခင် ခြင်းကို၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏။ တဏှာယဝသေန= တဏှာဖြစ်ခြင်း၏အစွမ်းဖြင့်။ န ဒဋ္ဌဗ္ဗံ-မမှတ်အပ်။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ)

ဤအလိုဖြင့်လည်း တဏှာရာဂ၏အစွမ်းဖြင့်ဖြစ်သော လိုချင်စေးကပ် ငြိတွယ်တတ်သော ချစ်ခင်ခြင်းမဟုတ်ပဲ အချင်းချင်းအကျိုးစီးပွားကိုလိုလားကြသောမိတ်ဆွေတို့၏ ချစ်ခင်ခြြင်း မျိုးကဲ့သို့ လွတ်လွတ်ကျွတ်ကျွတ် သူတပါး၏ အကျိုးစီးပွားများမည့် အကြောင်းဖြစ်သော ချစ်ခင်ခြင်းမျိုးကိုသာ "မေတ္တာ" ဟုဆိုသည်။

မိတ္တေ ဘဝါ၊ ဝါ မိတ္တဿ သော ပဝတ္တိတိပိ မေတ္တာ။ မိတ္တေ=အဆွေခင်ပွန်း၌၊ ဘဝါ၊ ဖြစ်သည်တည်း။(ဝါ)တနည်းကား၊ မိတ္တဿ=အဆွေခင်ပွန်း၏။ သောပဝတ္တိ= ဤဖြစ်မှုတည်း။ ဣတိပိ-ထို့ကြောင့်လည်း။ မေတ္တာ၊ မေတ္တာ မည်၏။

မိတ်ဆွေတယောက်သည် မိတ်ဆွေတယောက်၏ ဆုတ် ယုတ်ပျက်စီးမှုကို အလိုမရှိပဲ စည်းစိမ်ဥစ္စာတိုးပွားမှုကိုသာ အလိုရှိ ၏။ ထို့ကြောင့် မိတ်ဆွေဖြစ်သောသဘော မိတ်ဆွေဖြစ်မှု သဘောဟူသော အနက်ကြောင့်လည်း မေတ္တာမည်၏။

## ဗြဟ္မစိုရ်တရား

ဤပြဆိုခဲ့သော မေတ္တာကိုပင် မြတ်သော အပြစ်ဒေါသကင်းသော နေခြင်းမျိုးဖြစ်၍ ဗြဟ္မဝိဟာရတရားဟူ၍လည်းကောင်း၊ မြတ်ဇသော အပြစ်ကင်းသော ကျင့်သုံးခြင်းမျိုးဖြစ်၍ ဗြဟ္မစိုရ်တရားဟူ၍ လည်းကောင်း၊ အတိုင်းမသိ အလုံးစုံသော သတ္တဝါတို့၌ ပွားများအပ်သောကြောင့် အပ္ပမညာဟူ၍ လည်းကောင်း ခေါ်ဆိုအပ်လေသည်။ အရကောက်သော် စေတသိက် ၅၂–ပါးတို့တွင် အ,ဒေါသ စေတသိက်ကိုရ၏။

ထို့ကြောင့် မေတ္တာဆိုသည်မှာ ပရမတ္ထအားဖြင့် အ,ဒေါသ စေတသိက်ကို ဆိုသည်ဟု မှတ်ပါ။ ဒေါသတရားကား မီးနှင့် တူ၍ အ, ဒေါသမှာ ရေနှင့်တူ၏။ မီးနှင့်တူသော ဒေါသသည် နှိပ်စက်အပ်သည်ဖြစ်၍ (ဝါ) ဒေါသ အနှိပ်စက်ခံရသည်ဖြစ်၍ အကျိုးစီးပွားမဲ့ကိုပြုရန် မိမိထံသို့လာသော ရန်သူကို ရန်တုံ့မမူ ပဲ ရေနှင့်တူသော မေတ္တာတည်းဟူသော အ, ဒေါသဖြင့်သာ သူတပါး၏ဒေါသမီးကိုလည်းကောင်း၊ မိမိ၏ ကိုယ်တွင်း၌ဖြစ် ပေါ်လတံ့သော ဒေါသမီးကိုလည်းကောင်း ငြိမ်းအေး ပြေပျောက်စေရမည်။

## မေတ္တာ၏ရန်သူ

မေတ္တာ၌ အနီးရန်သူ အဝေးရန်သူဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် . . .

၁။ **အနီးရန်သူဆိုသည်မှာ** တဏှာရာဂကိုဆို၏။

ရာဂသည် ဂုဏ်ကျေးဇူးကို မြင်တတ်၏။ မေတ္တာလည်း

ဂုဏ်ကျေးဇူးကိုမြင်တတ်၏။ ဤသို့ဂုဏ်ကျေးဇူးကိုမြင် တတ်ခြင်းအားဖြင့် ရာဂသည် မေတ္တာနှင့် သဘောတူ သောကြောင့်·မေတ္တာ၏ အတုအယောင်ဆောင်ပြီး ပူးကပ်ကာ မေတ္တာကို ဖျက်ဆီးတတ်သောကြောင့် အနီး ကပ်ရန်သူမည်၏။ ထို့ကြောင့် ရာဂသည် မေတ္တာကို အလွယ်တကူပင် ဖျက်ဆီးတတ်လေသည်။

မေတ္တာမုခေန ဟိ ရာဂေါ ဝဥ္စေတိ (ဝိသုဒ္ဓိမဂ်ဋီကာ) ဟိသစ္စံ–ထိုစကားသည်မှန်၏။ မေတ္တာမုခေန–မေတ္တာ ကိုအကြောင်းပြုသဖြင့်။ ရာဂေါ–တဏှာရာဂသည်။ ဝဥ္စေတိ– လှည့်ပတ်တတ်၏။ တဏှာရာဂသည် မေတ္တာ ၏ အတုအယောင်အစားပြု၍ (ဝါ) မေတ္တာအယောင် ဆောင် လိမ်လည်လှည့်ဖြားတတ်၏။ သတိပြုရန် . . .

၂။ **အဝေးရန်သူဆိုသည်မှာ ဒေါသကို ဆိုသည်။**

မေတ္တာ၏သဘောမှာ နူးညံ့ အေးမြ၏။ ဒေါသ သည် ကြမ်းတမ်းခက်မာ၏။ ပူလောင်ပြင်းပြခြင်း သဘော ပြစ်မှားခြင်းသဘောရှိ၏။ မေတ္တာနှင့် ဒေါသတို့သည် သဘောချင်း မတူ၊ ဆန့်ကျင်ဘက်ဖြစ်ကြသောကြောင့် အဝေး၌နေသော ရန်သူကဲ့သို့ ဒေါသသည် မေတ္တာ၏ အဝေးရန်သူမည်၏။ မေတ္တာတရားပွားများ နေသူ (ဝါ) မေတ္တာစိတ် ကိန်းအောင်း နေသူမှာ ဒေါသတရား မဝင်ရောက်နိုင်။ ထို့ကြောင့် ဒေါသ သည် မေတ္တာ တရားအား ဖျက်ဆီးခြင်းငှာ မလွယ်ကူသည့် အတွက် ကြောက်စရာမလိုပါ။ မေတ္တာကိုသာ ပွားများရာ၏။

ဥ၇၂၆–

# မေတ္တာအပြား

မေတ္တာသည် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ–ဟု သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် . . .

၁။ **ကာယကံမေတ္တာဆိုသည်မှာ** ချမ်းသာစေလို၊ ကောင်းစေလိုသော စိတ်စေတနာဖြင့် သူတပါးတို့၏ အမှုကိစ္စကို မိမိကိုယ်ဖြင့် ဆောင်ရွက်မှုမျိုးကို ဆိုသည်။ ဤကာယကံမေတ္တာနှင့် ပြည့်စုံသူသည် သူတပါးတို့ ပြုဖွယ် ကိစ္စရှိလျှင် မိမိကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ပါဝင်ကူညီ ဆောင်ရွက်ပေးတတ်၏။ ထို့ပြင်ယဉ်ကျေးသော ကိုယ်အမူအရာနှင့် ပြည့်စုံပြီး သူတပါး၏အကျိုးစီးပွား ပျက်ပြားမည့်အလုပ်ကို အထူးရှောင်ရှားတတ်လေသည်။

၂။ **ဝစီကံမေတ္တာဆိုသည်မှာ** ချမ်းသာစေလို၊ ကောင်းစေလိုသော စိတ်စေတနာဖြင့် နှုတ်မြွက်ပြောဆိုခြင်းကို ဆိုသည်။ ဤဝစီကံမေတ္တာနှင့်ပြည့်စုံလျှင် သူတပါးတို့ အကျိုးစီးပွားများမည့်အကြောင်း ကောင်းသော စကားကိုသာ ပြောဆိုတတ်ပြီးလျှင် ယဉ်ကျေးသိမ်မွေ့ သောနှုတ်အမူအရာနှင့် ပြည့်စုံ၏။ အပြစ်ရှိသူပင် ဖြစ်သော်လည်း ထိုအပြစ်ကို ဖယ်ရှားလျက် ဂုဏ်ကျေးဇူးကိုသာ ရှာကြံ၍ ပြောဆို ချီးမွမ်းတတ်ပြီး သူတပါးတို့ အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ်မည့် စကားမျိုးကို အထူးရှောင်ရှားတတ်လေသည်။

၃။ **မနောကံမေတ္တာ**ဆိုသည်မှာ ချမ်းသာစေလို ကောင်းစေလိုသောအားဖြင့် စိတ်နေစိတ်ထား ဖြူစင်ခြင်းကို ဆိုသည်။ ဤမနောကံမေတ္တာနှင့် ပြည့်စုံသောသူသည် သူတပါးတို့အကျိုးစီးပွားများရန်ကိုသာ အလိုရှိပြီး ယဉ်ကျေးသော စိတ်နေစိတ်ထားနှင့် ပြည့်စုံ၏။ ဒေါသ ဂိုဏ်းနှင့်စပ်သမျှ ပူလောင်ခြင်းစသည်တို့မှ ကင်းစင်သဖြင့် သူတပါး၏ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်သော အရာတို့ကို မကြံစည် မတွေးတောတော့ပြီ။

ဖော်ပြပါ မေတ္တာ ၃–မျိုးတို့တွင် မနောကံ မေတ္တာသည် သာလိုရင်းပဓာနအရင်းခံဖြစ်၏။ မနောကံ မေတ္တာထက်သန် ခိုင်မြဲပါလျှင် ကာယကံမေတ္တာနှင့် ဝစီကံမေတ္တာတို့ကို အလွယ် တကူပြုလုပ်နိုင်ပါသည်။ ဤမေတ္တာ ၃–မျိုးတို့ကို မျက်မှောက် မျက်ကွယ်နှစ်ပါးလုံး၌ ရအပ်သောကြောင့် ၃–ပါးနှစ်လီဖြစ်၍ မေတ္တာ ၆–မျိုးဖြစ်၏။

## မေတ္တာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

၁။ မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့် ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော လက္ခဏာရှိ၏။

၂။ သတ္တဝါတို့ထံသို့ အကျိုးစီးပွားကိုကပ်၍ ဆောင်ခြင်း ကိစ္စရှိ၏။

၃။ အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်၌ ရှေ့ရှုထင်လာတတ်သော အခြင်းအရာ ပစ္စုပဋ္ဌာန် ရှိ၏၊

၄။ သတ္တဝါတို့၏ နှစ်သက်ဖွယ်သော ဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

## သာဓကပေါင်း

ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ၊
ဟိတူပသံဟာရရသာ–အာဃာတဝိနယနရသာဝါ၊
သောမ္မဘာဝပစ္စုပဋ္ဌာနာ၊
သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ။

(စရိယာပိဋကအဋ္ဌကထာ)

အနက်။ ။မေတ္တာ–မေတ္တာသည်၊ ဟိတာကာရပ္ပဝတ္တိလက္ခဏာ–သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သောအခြင်းအရာ အားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဟိတူပသံဟာရရသာ–သတ္တဝါတို့ထံ အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်းကိစ္စရှိ၏။ (ဝါ)တနည်းကား ...အာဃာတဝိနယနရသာ- အမျက်ဒေါသကို ဖျောက်ခြင်းကိစ္စရှိ၏။ သောမ္မဘာဝပစ္စုပဋ္ဌာနာ–အေးမြ ငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်၌ ရှေ့ ရှုထင်လာတတ် သော အခြင်းအရာရှိ၏။ သတ္တာနံ–သတ္တဝါတို့၏၊ မနာပဘာဝဒဿန ပဒဋ္ဌာနာ–နှစ်သက်ဖွယ်သော ဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏။

## မေတ္တာကမ္မဋ္ဌာန်း

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် ပလိဗောအားလုံးတို့ကို ဖြတ်တောက်ပြီးမှ ဆရာ့ထံမှ ကမ္မဋ္ဌာန်းကိုသင်ယူပါ၊ ထို့နောက် ဆိတ်ငြိမ်ရာသို့ကပ်၍ နေရာကို ကောင်းမွန်စွာခင်းပြီး ၎င်းနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ၍ထိုင်ပါ (ပလိဗောအကြောင်း နောက်ပိုင်း၌ရှုပါ။)

ထို့နောက် ရှေးဦးစွာ အမျက်ဒေါသဟူသမျှတို့၏ အပြစ်ကို လည်းကောင်း၊ သည်းခံခြင်းတည်းဟူသော ခန္တီ၏အကျိုး အာနိသင်ကို လည်းကောင်း ဆင်ခြင်ရပါမည်။ အဘယ့်ကြောင့်နည်း (နသက္ကာ ကိဉ္စိ အဒိဋ္ဌာဒိနဝံ ပဟာတုံ အဝိဒိတာနိသံသံဝါ အဓိဂန္တုံ) စသော ဝိသုဒ္ဓိမဂ်(၂၈၆) နှင့်အညီ အကျိုးတပါး ကိုရလိုလျှင် အကျိုးတပါး၏ အပြစ်ကိုလည်းကောင်း၊ အာနိသင် ကိုလည်းကောင်း ဆင်ခြင်ရမည်၊ ဤမေတ္တာဘာဝနာဖြင့် အမျက်ဒေါသဟူသမျှတို့ကို ပယ်၍ သည်းခံခြင်းတည်းဟူသော ခန္တီကိုရအောင် ယူရဦးမည်။ ဤသို့ယူရာ၌ အပြစ်ဒေါသဟူ သမျှတို့၏ အပြစ်ကိုမြင်မှ အဓိဝါသန–သည်းခံခြင်း၏ အကျိုး အာနိသင်ကို သိမည်၊ ဒေါသ၏ အပြစ်ကို မမြင်သေးကလည်း ၎င်းဒေါသကိုပယ်၍ မပြစ်ပယ်လိုစိတ်လည်း ရှိမည်မဟုတ်၊ ဒေါသကို မပယ်သေးကလည်း ခန္တီ၏အကျိုး အာနိသင်ကို မသိနိုင်၊ ထို့ကြောင့် ရှေးဦးစွာ ဒေါသ၏အပြစ်ကို သိအောင်ပြုပြီး၊ ခန္တီ၏အကျိုး အာနိသင်ကိုလည်း သိအောင်ပြုပါဟု ဆိုခြင်းဖြစ်ပါသည်။

## ဒေါသ၏အပြစ်

ဒေါသသည် ဖျက်ဆီးအပ်သောသူသည် (ဝါ) ဒေါသ ဖြစ်နေသောသူသည် ပရိယုဋ္ဌာန်အားဖြင့် (ဝါ) ယခုချက်ချင်း လက်ငင်းအားဖြင့် ဒေါသအနှိပ်စက်ခံရသည်ဖြစ်၍ ကုသိုလ် တရားအနည်းငယ်မျှမဖြစ်ပဲ အကုသိုလ်တရားတို့သာ ပွားများ လာပြီးလျှင် သူတပါး၏အသက်ကိုလည်း ရက်စက်ကြမ်းကြုတ် စွာ မညှာမတာသတ်ဖြတ်မိတတ်သည်။ အကုသလ ပါပညစ် ကျူ

မကောင်းမှု ဟူသမျှတို့ကိုလည်း ပြစ်မှားလွန်ကျူးမိ တတ်သည်။ ထိုဒေါသသည် သမာဓိကို တားမြစ်တတ်ပြီး မေတ္တာသည်သာ သမာဓိအား ကျေးဇူးပြုနိုင်သည် စသည်ဖြင့် ဒေါသ၏ အပြစ်ကို ဆင်ခြင်ပါ။

## ခန္တီ၏အကျိုး

"ခန္တီ ပရမံ တပေါ တိတိက္ခာ"နှင့်အညီ တပါးသောသူတို့ က မိမိ၏အကျိုးမဲ့ကို ပြုလုပ်ပြောဆိုခြင်းစသည်ကို အမျက် မာန်ချုပ် တည်း၍ သည်းခံခြင်းသည် အလွန်မွန်မြတ်သော မင်္ဂလာတည်းဟူသော သည်းခံခြင်း ခန္တီ ရှိသူကို ဗြာဟ္မဏ–မကောင်းမှုမှအပပြုပြီးသောသူဟု ဘုရားရှင်တို့ ဟောတော်မူကြ သည်။ "ခန္တျာဘိယျော နဝိဇ္ဇတိ" ခန္တီဟူသော သည်းခံခြင်းအားထက် လွန်မြတ်သောအားသည်မရှိ။ ဤသို့စသည်ဖြင့် သည်းခံခြင်း၏အကျိုးအာနိသင်ကိုလည်း သိအောင် ပြုပါ။

ဤကဲ့သို့ဆင်ခြင်၍ ဒေါသ၏အပြစ်ကို မြင်ပြီးသောသူသည် ဒေါသမှ မိမိစိတ်ကိုခွာခြင်းငှာ လည်းကောင်း၊ ခန္တီ၏အကျိုး အာနိသင်ကို သိပြီးသည်ဖြစ်၍လည်းကောင်း၊ ခန္တီ နှင့် မိမိစိတ်ကို ယှဉ်စေ ကပ်စေခြင်းငှာလည်းကောင်း မေတ္တာဘာဝနာကို အားထုတ်ရမည်။

## ပုဂ္ဂလဒေါသ

(အာရဘန္တေနစ အာဒိတော၀ ပုဂ္ဂလဘေဒေ ဇာနိတဗ္ဗော စသော ဝိသုဒ္ဓိမဂ် ၂၈၇–နှင့်အညီ မေတ္တာဘာဝနာကို ပွားသော သူသည်...

၁။ အပ္ပိယပုဂ္ဂိုလ်–မိမိမချစ်မနှစ်သက်သောသူကို

၂။ အတိပ္ပိယပုဂ္ဂိုလ်–မိမိအလွန်ချစ်သောသူကို

၃။ အဇ္ဈတ္တပုဂ္ဂိုလ်–အလယ်အလတ်ဖြစ်သောသူကို

၄။ ဝေရီပုဂ္ဂိုလ်–ရန်သူကို...ဤပုဂ္ဂိုလ်လေးဦးတို့ကို ရှေးဦးစွာ မေတ္တာမပို့ရ။ (ဝါ)ရှေးဦးစွာ မေတ္တာမပို့ကောင်း။

၅။ သေလေပြီးသောသူကို အချင်းခပ်သိမ်း (ဝါ) ဘယ်တော့ မှ မေတ္တာမပို့ရပါ။

၆။ လိင်္ဂဝိသဘာဂခေါ် လိင်မတူသူ (ယောကျ်ားကမိန်းမ ကို၊ မိန်းမက ယောကျ်ား)ကို ဩဒိဿရည်စူး၍ မေတ္တာ မပို့ရပါ။

အဘယ်ကြောင့်နည်း...အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့မှာ မေတ္တာဘာဝနာကို ဖျက်ဆီးတတ်သော ပုဂ္ဂလဒေါသတို့ဖြစ် သောကြောင့် (ဝါ)အပြစ်ရှိသောပုဂ္ဂိုလ်များ ဖြစ်ကြသော ကြောင့်တည်း။

ဤ၌ အပြစ်ရှိသည်ဟုဆိုရာ၌ အပ္ပိယစသော ပုဂ္ဂိုလ် တို့မှာရှိသော အပြစ်ကိုဆိုသည်မဟုတ်။ မေတ္တာဘာဝနာပွား သူအနေနှင့်သာ အပြစ်ရှိခြင်းဖြစ်သည်။

ဥပမာ=အနာရောဂါ ကပ်ရောက်နေသောသူသည် ၎င်း ရောဂါနှင့်မတည့်သော အချိုအချဉ် စသည်တို့ကိုစားမိသဖြင့် အနာရောဂါတိုးပွားလာသကဲ့သို့တည်း။ ဤဥပမာ၌ အချို အချဉ် စသည်တို့မှာ အပြစ်မရှိကြ။ အနာရောဂါအနေနှင့်သာ အပြစ်ရှိသည်ဟု

မှတ်ပါ။ ထိုနည်းတူစွာပင် အထက်ဖော်ပြပါပုဂ္ဂိုလ်တို့မှာ အပြစ်ရှိကြသူများမဟုတ်၊ မေတ္တာပွားသူ အနေနှင့်သာ အပြစ်ရှိခြင်းဖြစ်လေသည်။

## ပုဂ္ဂလဒေါသဖြစ်ပုံ

၁။ အထက်ဖော်ပြခဲ့သော ပုဂ္ဂိုလ် (၆) မျိုးတို့တွင် မိမိ မချစ်မနှစ်သက်သော အပ္ပိယပုဂ္ဂိုလ်ကို မိမိချစ်သူ ပိယအရာ၌ထားရမည်ဆိုလျှင် "အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" နှင့်အညီ အလွန် စိတ်ဆင်းရဲ ပင်ပန်းရတတ်သည်။

၂။ မိမိအလွန်ချစ်သောသူကိုအလယ်လတ်ထား၍ ပွားများလျှင်လည်းအချစ်ကြီးသောကြောင့် မိမိချစ်သူ အနည်းငယ် ဆင်းရဲဒုက္ခရောက်သည်ကို မြင်ရလျှင် ငိုကြွေးရတော့မလောက် စိတ်ဆင်းရဲရတတ်သည်။

၃။ အလယ်အလတ်ဖြစ်သောသူကို အလေးအမြတ်ပြုအပ်သောပုဂ္ဂိုလ်အရာ၌ထား၍လည်းကောင်း၊ ချစ်အပ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်အရာ၌ထား၍ လည်းကောင်း ပွားများလျှင် (ဝါ) မေတ္တာပို့လျှင် ရှေးနည်းတူပင် စိတ်ဆင်းရဲ ပင်ပန်းတတ်သည်။

(မှတ်ချက်။ ။ချစ်သူလည်းမဟုတ်၊ မုန်းသူလည်းမဟုတ်သော ပုဂ္ဂိုလ်ကို မဇ္ဈတ္တ အလယ်အလတ် ပုဂ္ဂိုလ်ဟု ဆိုသည်။)

၄။ သေလေပြီးသောသူကို မေတ္တာပို့လျှင် မေတ္တာဘာဝနာ၏အကျိုးမပြီး အချည်းနှီးသာ ဖြစ်လေတော့သည်။ မေတ္တာပို့ရန် အရာဌာန မဟုတ်တော့ပြီ။ လောက ဥပမာအားဖြင့် တဦးနှင့်တဦး ကူညီရိုင်းပင်းကြရာ၌ ထင်ရှားရှိသော ပုဂ္ဂိုလ်အချင်းချင်းသာ ကူညီရိုင်းပင်း၍ဖြစ်သည်။ ထို့နည်းတူစွာ ယခုဘဝမှာ ထင်ရှားရှိကြသော ပုဂ္ဂိုလ်အချင်းချင်းသာ အကြောင်းအကျိုး၏အဖြစ်ဖြင့် ကျေးဇူးပြုနိုင်သည်။ သေလေပြီးသောသူမှာ စုတိပဋိသန္ဓေအားဖြင့် ပိုင်းခြားလျက်ရှိလေ ပြီ။ ဤဘဝမှ ထိုဘဝသို့ ကူးပြောင်း၍ ကျေးဇူးမပြုနိုင်၊ အခုပစ္စုပ္ပန်ဟု ဆိုအပ်သော ဤဘဝတွင်သာ အချင်းချင်း ကျေးဇူးပြု၍ ဖြစ်နိုင်သည်။

(၄င်း ဋီကာ ၁၊၃၅၂)

၅။ ရန်သူကို ရှေးဦးစွာ မေတ္တာပို့သည်ရှိသော် မေတ္တာ မဖြစ်ပဲ အမျက်ဒေါသ ဖြစ်ပေါ်လာတတ်သည်။

၆။ လိင်မတူသူကို (ဝါ)ယောကျ်ားက မိန်းမကို၊ မိန်းမက ယောကျ်ားကို ဩဒိဿ (ရည်စူး၍) မေတ္တာပို့လျှင် မေတ္တာမဖြစ်ပဲ ရာဂ ဖြစ်ပေါ်လာတတ်သည်။ ထို့ ကြောင့် အဆိုပါလိင်မတူသူကို ဩဒိဿ (ရည်စူး၍) မေတ္တာမပို့ရ၊ မပို့ကောင်းချေ။ "ဘိတ္တိယုဒ္ဓမကာသိ" အရ နွားသိုးကြိုးပြတ် ဖြစ်ရတတ်၏။

အထက်ဖော်ပြပါ အပွိယစသော ပုဂ္ဂိုလ်တို့သည် ပုဂ္ဂလဒေါသများဖြစ်ကြ၍ မေတ္တာဘာဝနာ၏ အကျိုးမပြီးသည့် အပြင် အပြစ်ပင်ရတတ်လေသည်။ ဤသို့ဆိုလျှင် မည်သူ့ကို ရှေးဦးစွာ မေတ္တာပို့ မည်နည်း။

## မိမိကိုသာ ရှေးဦးစွာ

"သဗ္ဗပထမံ ပန အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော- တိဝါ အဝေရော အဗျာပဇ္ဇော"စသည့် ဝိသုဒ္ဓိမဂ်(၂၈၈)နှင့်အညီ ရှေးဦးစွာ မိမိကိုယ်ကို ငါသည် ချမ်းသာပါစေ၊ ကိုယ်စိတ် ဆင်းရဲခြင်း မဖြစ်ပါစေနှင့်၊ အတွင်းအပဘေးရန် ကင်းဝေးပါစေ၊ ကြောင့်ကြ ဗျာပါဒ ကင်းရပါလို၏ စသည်ဖြင့် မေတ္တာပို့ရမည်။

အဘယ်ကြောင့်နည်း၊ မိမိကိုယ်ကို သက္ခိဘာဝသက်သေ အရာ၌ ထားခြင်းအကျိုးငှာ(ဝါ) ကိုယ်ချင်းစာတရား ထားခြင်း အကျိုးငှာ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပို့ရသည်။ ဤကဲ့သို့ မိမိကိုယ်ကို သက်သေအရာ၌ထား၍ (ဝါ)ကိုယ်ချင်းစာတရားထား၍ မေတ္တာပွားခြင်းသည် မငြိုမငြင် မပင်မပန်း ချမ်းချမ်း သာသာဖြင့် မေတ္တာဘာဝနာ ဖြစ်လွယ်ခြင်းအကျိုးကို ရရှိနိုင် ပေသည်။

(ဝိသုဒ္ဓိ၊ နှာ- ၂၈၈)

ဤကဲ့သို့ မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားခြင်းသည် ပြဆိုခဲ့သည့်အတိုင်း သက်သေအရာ၌ထားရခြင်းအကျိုးနှင့် မေတ္တာ ဘာဝနာ ဖြစ်လွယ်ခြင်းအကျိုးတို့သာ ရှိပါသည်။ ၎င်းမေတ္တာ ဘာဝနာ၏ အကျိုးအာနိသံသဖြစ်သော ဥပစာရသမာဓိ အပ္ပနာ

သမာဓိသို့ မရောက်နိုင်။

## ကိုယ်ချင်းစာတရားထားပုံ

ငါသည် ချမ်းသာခြင်းကိုအလိုရှိ၏။ ဆင်းရဲခြင်းကိုအလိုမရှိ၊ အသက်ရှည်စွာနေလို၏၊ သေခြင်းကိုအလိုမရှိ၊ ထို့အတူ ငါမှတပါးသော သတ္တဝါတို့သည်လည်း ငါကဲ့သို့ပင် ချမ်းသာခြင်းကို အလိုရှိကြကုန်၏။ ဆင်းရဲခြင်းကို အလိုမရှိကြကုန်။ အသက်ရှည်စွာ နေလိုကြ၏။ သေခြင်းကိုအလိုမရှိကြကုန်။

ထို့ကြောင့် ခပ်သိမ်းကုန်သောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ဆင်းရဲကင်းကြပါစေ။ အသက်ရှည်ကြပါစေ စသည်ဖြင့် မိမိကိုယ်ကို သက်သေအရာ၌ထား၍ (ငါ) တပါးသော သူတို့ကိုလည်း မိမိနှင့်နှိုင်းယှဉ်၍ ကိုယ်ချင်းစာတရား ထားရမည်။

သို့မှသာလျှင် သူတပါးတို့၏ကြီးပွားချမ်းသာခြင်းကို အလိုရှိနိုင်ပေလိမ့်မည်။

## ကိုယ်ချင်းစာတရားထားအပ်ကြောင်း ဘုရားရှင်ဟောတော်မူပုံ

သဗ္ဗဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ နဟိံသေ ပရမတ္တကာမော။

အနက်။ သဗ္ဗဒိသာ၊ အကြွင်းမရှိ အလုံးစုံသော အရပ်မျက်နှာတို့သို့၊ စေတသာ၊ မိမိစိတ်ဖြင့်၊ အနုပရိဂမ္မ–ထက်ဝန်းကျင်အစဉ် လှည့်ပတ်၍ (သဗ္ဗဒိသာဟောန၊ အစွမ်းကုန်အားထုတ်၍၊ ပရိယေသန္တာပိ=ဘယ်လိုပင် ရှာပါသော်လည်း)အတ္တနာ=မိမိထက်၊ ပိယတရံ=ချစ်အပ်သော၊ အညံ–တပါးသော၊ သတ္တံ–သတ္တဝါကို၊ ကွစိကတ္တစိဒိသာယ၊ အချို့သောနေရာ၌ (ဝါ)တနေရာရာ၌၊ နေဝဇ္ဈဂါနအဓိဂစ္ဆေယျ–မရနိုင်ရာ၊ နပသေယျ–မတွေ့မမြင်နိုင်ရာ၊ ဧဝံ=ဤသို့ အရပ်မျက်နှာလှည့်ပတ်ရှာသော်လည်း မိမိထက်သာလွန်၍ချစ်အပ်သော သူကိုတစုံတယောက်မျှ မမြင်ရမတွေ့ရခြင်း၏ အစွမ်း ဖြင့်၊ ပုထုဝိသုံဝိသုံ–အသီးအသီး (ဝါ) ကိုယ်စီကိုယ်၌၊ ပရေသံ=မိမိမှတပါးသော ထိုထိုသတ္တဝါတို့သည်၊ အတ္တာ=သူတို့၏ကိုယ်ကို၊ ပိယော=ချစ်အပ်၏။ တသ္မာ၊ ထို့ကြောင့်၊ အတ္တကာမော၊ မိမိ၏ အကျိုးစီးပွားကို အလိုရှိသောသူသည်၊ ပရံ=တပါးသော၊ သတ္တံ သတ္တဝါကို၊ အတ္တမသော၊ အယုတ်ဆုံးအားဖြင့်၊ ကုန္တကိပိလ္လိကမ္ပိ–ပိုးရွ, ခြပုံးကိုလည်း၊ နဟိံသေ၊ မညှဉ်းဆဲရာ။

(ဥဒါနပါဠိ သောဏဝဂ္ဂပိယတရသုတ်၊ နှာ–၁၃၃)

ဤကဲ့သို့ ဘုရားရှင်ဟောတော်မူသည်နှင့်အညီ အားလုံးသောသူတို့ထက် မိမိသည်သာ အလွန်အကြူး အထူးသဖြင့် ချစ်မြတ်နိုးအပ်လေသည်။ ထို့ကြောင့် ချမ်းသာခြင်းကို အလိုရှိသူ ဆင်းရဲခြင်းကိုစက်ဆုပ်သူ၊ အသက်ရှည်လိုသူ၊ မသေလိုသူ သည် မိမိကိုယ်ကို သက်သေအရာ၌ထား၍ (ဝါ) ကိုယ်ချင်းစာ တရားထား၍ ခပ်သိမ်းသောသတ္တဝါတို့ကို မညှင်းဆဲရ၊ မေတ္တာ ကိုသာပွားရမည်။

## ထို့နောက် မေတ္တာပို့ရမည့်သူ

ဤကဲ့သို့ မိမိကိုယ်ကို မေတ္တာပွားပြီးသောသူသည် မိမိလေးစားအပ်၊ ချစ်မြတ်နိုးအပ်၊ နှလုံးကိုပွားစေအပ်၍ ကျောက်ထီးတန္တုအလေးပြုအပ်သော (ဝါ) ချစ်ကြောက်ရိုသေအပ်သော ပိယ-မနာပ-ဂရုဘာဝနီယဖြစ်သော ဆရာသမားကိုသော် လည်းကောင်း၊ သို့မဟုတ် ဆရာသမားကဲ့သို့ သီလ-သမာဓိ-ပညာတို့၌ ရိုသေအပ်၊ လေးစားအပ်၊ မြတ်နိုးအပ်သော အာစရိယမတ္တသီလဝန္တ ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ မိမိ၏ ဥပဇ္ဈာယ်ဆရာကိုသော် လည်းကောင်း၊ သို့မဟုတ် ဥပဇ္ဈာယ် ဆရာကဲ့သို့ လေးစားအပ်သူကိုသော်လည်းကောင်း မေတ္တာပို့ရမည်။ (ဥပဇ္ဈာယ်ဆရာဆိုသည်မှာ မိမိ၏အပြစ်ကြီး အပြစ်ငယ်တို့ကို ကပ်၍ရှုတတ်၊ ဆိုဆုံးမတတ်သူကို ဆိုသည်။)

ဖော်ပြပါ ဆရာသမားနှင့် ဆရာသမားကဲ့သို့ သီလ- သမာဓိ-ပညာ အရာတို့၌ အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်တို့သည် ချစ်ဖွယ်သောစကားကို ပြောဆိုတော်မူတတ်ခြင်း၊ ဝစီကံမေတ္တာပြုတော်မူတတ်ခြင်း၊ ကာယကံမေတ္တာစသည်တို့ကို အဖန်တလဲလဲ နှလုံးသွင်း

ဆင်ခြင်ပြီးလျှင် ဆရာတော်ဘုရားကြီးသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ၊ ဘေးရန်ကင်းပါစေ စသည်ဖြင့် အကြိမ် ကြိမ်အဖန်ဖန် မေတ္တာပွားရမည်။

ဤကဲ့သို့ ပိယ–မနာပ–ဂရုဘာဝနီယ ဟုဆိုအပ်သော ချစ်မြတ်နိုးအပ် အလေးအမြတ်ပြုအပ်သော ဆရာသမားတို့အား အကြိမ်ကြိမ် မေတ္တာပွားပါလျှင် မေတ္တာဘာဝနာပြည့် စုံလာပြီး၊ အပ္ပနာ(ဈာန်)သို့ပင် ရောက်ရှိနိုင်လေသည်။

သို့သော် အပ္ပနာ (ဈာန်)သို့ပင် ရောက်နိုင်သော်လည်း ဤတွင်ရပ်ဆိုင်း၍ မနေသင့်သေး။ အစကချန်ထားခဲ့သော မိမိ အလွန်ချစ်သူ၊ အလယ်အလတ်ဖြစ်သူ၊ ရန်သူ ဤပုဂ္ဂိုလ်တို့ ကျန်ရှိနေကြသေးသည်။

၎င်းသည် မိမိ၏ မေတ္တာစက်ဝန်းအတွင်းသို့ မရောက်ကြ သေး။ ထို့ကြောင့် ၎င်းတို့ကို မိမိ၏ မေတ္တာစက်ဝန်းအတွင်း သို့ ရောက်အောင် ဆွဲသွင်းရပေဦးမည်။ (ဝါ)သီမသမ္ဘေဒ ပြုရဦးမည်။

သီမသမ္ဘေဒပြုရဦးမည်ဆိုသည်မှာ တသီးတခြားမထား ခြင်း(ဝါ)အပိုင်းအခြားမရှိ၊ တသားတည်းဖြစ်အောင် ပြုခြင်း ကိုဆိုသည်။

ပုထုဇဉ်မှန်သမျှ မည်သူမဆို ငါဟု တသီးတခြားထားသည်။ အလယ်အလတ်ဖြစ်သူဟု တသီးတခြား၊ ရန်သူဟု တသီးတခြား ပိုင်းခြားမှတ်သားထားသည်။

သီမသမ္ဘေဒဖြစ်သည်ဆိုလျှင် ဤကဲ့သို့ ငါဟု ချစ်သူဟု တသီးတခြား သဘောမထားတော့ပဲ မိမိကိုယ်နှင့် ထပ်တူ ထပ်မျှ ချစ်သူ ရန်သူမခြား တသားတည်း သဘောထားလိုက် ခြင်းပင်ဖြစ်၏။

ဥပမာ လယ် ၄-၅-ကွက်ကို မထားတော့ပဲ အလယ်၌ခြားနေသော ကန်သင်းတို့ကိုဖျက်၍ လယ်တကွက်တည်း ပြုလုပ်လိုက်သကဲ့သို့ (ဝါ)လယ် လေးငါးကွက်ကို တကွက်တည်းဖြစ်အောင် ပေါင်းလိုက်သကဲ့သို့ ချစ်သူ၊ ရန်သူ၊ အလယ်အလတ်ဖြစ်သူဟု မထားတော့ပဲ မိမိကိုယ်နှင့် ထပ်တူထပ်မျှ တသားတည်းထားလိုက်ခြင်းကို သီမ သမ္ဘေဒ ပြုသည် (ဝါ)အပိုင်းအခြားကို ဖျက်သည်ဟု ဆိုသည်။

## သီမသမ္ဘေဒ

ဤကဲ့သို့ သီမသမ္ဘေဒဖြစ်အောင် ပြုလိုသူယောဂီပုဂ္ဂိုလ်သည် အထက်ကပြခဲ့သော ပိယ၊ မနာပ၊ ဂရုဋ္ဌာနိယဖြစ်သော ဆရာသမားစသည်တို့၌ ပွားများအပ်ခဲ့ပြီးသော မေတ္တာဘာဝနာကို အဖန်ဖန်အထပ်ထပ် လေ့လာပွားများပြီး အလေ့အလာများခြင်း တည်းဟူသော ဝသီဘော်သို့ရောက်လျှင် ထို ပိယ-ဂရုဋ္ဌာနိယဖြစ်သော ဆရာသမားတို့အပေါ် ထားအပ်သော မေတ္တာကို တပါးသောသူသို့ ကူးပြောင်းရန်အလို့ငှာ မိမိစိတ်ကို နူးညံ့စေပြီးမှ ရှေးဦးစွာ မိမိအလွန်ချစ်သူ၊ အတိပ္ပိယ ပုဂ္ဂိုလ်တို့အား မေတ္တာပွားများရမည်၊ အဘယ်ကြောင့်နည်း။

ဤကဲ့သို့ မိမိအလွန်ချစ်သူ အတိပ္ပိယပုဂ္ဂိုလ်တို့အား အလျင်မေတ္တာပို့ခြင်းသည် ဤအတိပ္ပိယပုဂ္ဂိုလ်သည် သောကီပုဂ္ဂိုလ်အား လေ့လာပြီးသော မနသိကာရကိုရသည်ဖြစ်၍၊ နလုံးသွင်းရ လွယ်ကူသည်၊ (ဝါ)မေတ္တာပို့ရလွယ်ကူသည်။ ဤကဲ့သို့ အတိပ္ပိယ ပုဂ္ဂိုလ်ကို မေတ္တာပို့ရ လွယ်ကူသည်။ ဤကဲ့သို့ အတိပ္ပိယပုဂ္ဂိုလ်ကို မေတ္တာပို့ရာ၌ အတိပ္ပိယခေါ် အလွန် ချစ်သူမှ၊ အတိခေါ် အလွန်ဟူသောစကားကို ချန်ခဲ့၍ သာမန် ရိုးရိုးချစ်သူအဖြစ်တည်းဟူသော ပိယဘာဝ အဖြစ်သို့ရောက်အောင် စိတ်ကိုနှုးညံ့စေပြီးမှ ကြိမ်ဖန်များစွာ လေ့လာပွားများရမည်။

ဤကဲ့သို့ ကြိမ်ဖန်များစွာ လေ့လာ ပွားများပါလျှင် အတိပ္ပိယခေါ် အလွန်ချစ်သူအဖြစ်မှ ပိယဘာဝခေါ် ရိုးရိုး သာမန်ချစ်သူအဖြစ်သို့ ရောက်ရှိလေတော့သတည်း။

ဤကဲ့သို့အတိပ္ပိယခေါ် ပုဂ္ဂိုလ်သည် ရိုးရိုးသာမန်ချစ်သူ ပိယဘာဝအဖြစ်သို့ရောက်ပြီဆိုလျှင် ၎င်းစိတ်ကို အကြိမ်ကြိမ် အဖန်ဖန် အလေ့အလာများစွာ ပွားများခြင်းတည်းဟူသော ဝသီဘာဝသို့ ရောက်စေပြီးလျှင် မိမိစိတ်ကို ယခင်ကအတိုင်း နူးညံ့စေပြီးမှ မဇ္ဈတ္တခေါ် အလယ်အလတ်ဖြစ်သူသို့ကူးပြောင်း၍ မေတ္တာပွားများရမည်။

အကြောင်းမှာ...ဤမဇ္ဈတ္တပုဂ္ဂိုလ်သည် ပိယ-ဂရုဋ္ဌာနအရာ၌ထား၍ လွယ်ကူပြီးဖြစ်သောကြောင့်တည်း။

ဤ၌ မဇ္ဈတ္တပုဂ္ဂိုလ်ကို မေတ္တာပွားရာ၌ မဇ္ဈတ္တခေါ် အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်အဖြစ်မှ မိမိစိတ်ကို ခွာခဲ့၍ ပိယ-ဘာဝခေါ် ရိုးရိုး သာမန်ချစ်သူအဖြစ်သို့ရောက်အောင် ကြိမ်ဖန်များစွာ

လေ့လာပွားများရမည်။

ဤကဲ့သို့ပွားများ၍ ဤမဇ္ဈတ္တပုဂ္ဂိုလ်သည် ပိယ-ဘာဝရိုးရိုး သာမန်ချစ်သူ အဆင့်သို့ရောက်လာပြီဆိုလျှင် ဤမဇ္ဈတ္တပုဂ္ဂိုလ်မှ တဆင့်တက်၍ ဝေရီခေါ် ရန်သူပုဂ္ဂိုလ်သို့ကူးပြောင်း၍ မေတ္တာပွားများ ရပေတော့မည်။

အထက်၌ပြဆိုခဲ့ပြီးသည့်အတိုင်း မဇ္ဈတ္တပုဂ္ဂိုလ်အား မေတ္တာ ပွား၍၊ ပိယဘာဝ , ရိုးရိုးသာမန်ချစ်သူအဖြစ်သို့ရောက်အောင်ပို့ ဆောင်ခဲ့ပြီးသော ယောဂီပုဂ္ဂိုလ်သည် (ဝါ)မဇ္ဈတ္တပုဂ္ဂိုလ်ကို ရိုးရိုး သာမန်ချစ်သူအရာ၌ ထားနိုင်ခဲ့ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဝေရီခေါ် ရန်သူကို မဇ္ဈတ္တအလယ်အလတ်ပုဂ္ဂိုလ်ဖြစ်အောင် မိမိစိတ်ကို ရှေးဦးစွာပို့ဆောင်ပါ။ (ဝါ)မေတ္တာပွားပါ။

ဤကဲ့သို့ ကြိမ်ဖန်များစွာ လေ့လာပွားများ၍ ရန်သူသည် မဇ္ဈတ္တပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီဆိုလျှင် ထိုမှ တဆင့်တက်၍ ရိုးရိုးသာမန်ချစ်သူ ပိယဘာဝအဖြစ်သို့ ရောက်အောင်ပို့ဆောင် ပါ။

မိမိစိတ်ကို နူးညံ့ပျော့ပျောင်းလာအောင် အကြိမ်ကြိမ် အဖန်ဖန် လေ့လာပွားများပါ။ ဤကဲ့သို့ ပွားများပါလျှင် ရန်သူသည် ရိုးရိုးသာမန်ချစ်သူ ပိယဘာဝဖြစ်လာပါလိမ့်မည်။

ဤကဲ့သို့ပြဆိုခဲ့ပြီးသော အစဉ်အလာအတိုင်း မိမိချစ်မြတ် နိုးအပ်၊ အလေးအမြတ်ပြုအပ်သော ပိယဂရုဋ္ဌာနိယပုဂ္ဂိုလ်မှ စ၍ အလွန်ချစ်သူ အတိပ္ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တခေါ် အလယ် အလတ်ပုဂ္ဂိုလ်၊ ဝေရီခေါ် ရန်သူနှင့် မိမိတည်းဟူသော ဤလေးယောက်တို့ကို

တဆင့်စီတဆင့်စီတက်၍ မိမိစိတ်ကို နူးညံ့ပျော့ပျောင်းလာအောင် ကြိမ်ဖန်များစွာ လေ့လာ ပွားများရမည်။ (ဝါ) မေတ္တာပို့ရမည်၊ ဤသည်ကိုရည်၍...

"မိမိကိုယ်က၊ အဦးစ၍၊ ပိယ-မဇ္ဈ၊ ဝေရီကျအောင်၊
တစတစ၊ သုံးဝပုဂ္ဂိုလ်၊ ကိုယ်နှင့်အတူ၊ အမျှမူ၏"

ဟူ၍ မဃဒေဝလင်္ကာစာချက်နှာ ၃၀၁၊ ပိုဒ်ရေ ၄၃၆ ၌ ရေးထားတော်မူသည်။

## အမျက်ဖြေနည်း

ဤ၌ ရန်သူအားမေတ္တာပွားသော ယောဂီ ပုဂ္ဂိုလ်သည် ထိုရန်သူသည် ရှေးယခင်က မိမိအားပြုလုပ်ခဲ့ဖူးသော အပြစ်တို့ကို အောက်မေ့ပြီး အမျက်ဒေါသဖြစ်လာတတ်သည်။

ဤကဲ့သို့ဖြစ်ပေါ်လာရလျှင် ပိယ-ဘာဝ-မဇ္ဈတ္တစသော (ရှာန်၏အာရုံဖြစ်ကုန်သော) ရှေးပုဂ္ဂိုလ်တို့တွင် ပုဂ္ဂိုလ် တယောက်၏ ဒေါသကို ခွာ၍ဖြစ်စေအပ်သော မေတ္တာဈာန်ကို အဖန်တလဲလဲဝင်စားပြီး ထိုမေတ္တာဈာန်မှ တက်၍ ရန်သူကို ကြိမ်ဖန်များစွာ အဖန်တလဲလဲ မေတ္တာပွားများရ မည်။

## ကကစူပမာသြဝါဒ

ဤကဲ့သို့ပြုလုပ်၍မှ ရန်သူအပေါ် အမျက်ဒေါသ မပြေပျောက်သေးလျှင် ဘုရားရှင်ဟောတော်မူသော ကကစူပမာသြဝါဒ စသည်ကို ဆင်ခြင်နှလုံးသွင်းပါ။

## ဘုရားရှင်ဟောတော်မူပုံ

"ရဟန်းတို့ ယုတ်မာသောအကျင့်ရှိသော ခိုးသူတို့သည် အရိုးနှစ်ဘက်တတ်သော လွှကြီးဖြင့် သင်တို့၏ အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့။ ဤကဲ့သို့ တိုက်ဖြတ်ကုန်သော်လည်း ထိုခိုးသူတို့အား စိတ်ပြစ်မှားခြင်းကိုမျှ သင်တို့ မပြုအပ်။ ဤကဲ့သို့ပြုလုပ်၍ စိတ်ပြစ်မှားသူသည် ငါ၏ အဆုံးအမကို လိုက်နာသည် မမည်" စသည်ဖြင့် ဟောတော် မူ၏။

(မဇ္ဈိမနိကာယ ဩပမ္မဝဂ္ဂ။ ကကစူပမသုတ္တ-နှာ ၁၈၁)

က။ တသ္မေဝ တေန ပါပိယော-ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓမပ္ပဋိကုဇ္ဈန္တော-သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။ ။

ခ။ ဥဘိန္နမတ္ထံစရတိ-အတ္တနောစ ပရဿစ။
ပရံ သင်္ကုပိတံ ဉတွာ-ယောသတော ဥပသမ္မတိ။ ။

(သံ-၁၊၁၆၄)

ယော-အကြင်သူသည်။ကုဒ္ဓံ-အမျက်ဒေါသကို။ ပဋိကုဇ္ဈတိ -တုံ့ပြန်၍အမျက်ထွက်တတ်၏။ သော-ထိုတုံ့ပြန်၍အမျက်ထွက်သောသူသည်။ တေနပဋိကုဇ္ဈနေန-ထိုသို့တဖန် မိမိကပြန်၍ အမျက်ထွက်သဖြင့်။ တသ္မေဝ-ထိုမိမိထက်အလျင် အမျက်ထွက်သောသူထက်။ ပါပိယော, ပါပတရော-ယုတ်မာတွင်းနက်လှပေ၏။ ကုဒ္ဓံ-မိမိအား အမျက်ထွက်သော သူကို၊အပ္ပဋိကုဇ္ဈန္တော

=တ႟ေနုပြန်၍ အမျက်မထွက်သောသူသည်၊ ဒုဇ္ဇယံ=လူသာမန်တို့ အောင်နိုင်ခဲသော၊ သင်္ဂါမံ၊ စစ်မြေပြင်ကို၊ ဇေတိ-အောင်နိုင်သည်မည် ၏။ သက္ကုပိတံ-အမျက်ဒေါသ ခြောင်းခြောင်းထသော။ ပရံ-ကပါးသောသူ မိမိရန်သူကို၊ ဉတွာ=သိ၍၊ ယော-အကြင်သူသည်။ သတော-သတိနှင့် ပြည့်စုံသည်ဖြစ်၍။ ဥပသမ္မတိ-ရေသို့ရောက်လေ မီးသို့သေလျက် တုံ့ခြေမလွဲ အမျက်စဲလေ၏။ (ဝါ)အမျက်ဒေါသ ငြိမ်းလေ၏။ သော=ထိုသူသည်။ အတ္တနောစ=မိမိ၏လည်းကောင်း ပရဿစ =သူတပါး၏လည်းကောင်း၊ ဉဘိန္နံ=နှစ်ဦးကုန်သော သူတို့၏ (ဝါ)ပစ္စုပ္ပန်သံသရာနှစ်ဖြာသော လောကတို့၏၊ အတ္ထံ-အကျိုး စီးပွားကို။ စရတိ-ကျင့်သည်မည်၏ ဟူ၍လည်း ဟောတော်မူ၏။

## ရန်သူကို ဤ့ြလိုသဘောမထားရ

ရဟန်းတို့၊ ရန်သူတို့သည် နှစ်လိုအပ်ပြုအပ်ကုန်သော ဤခုနစ်ပါးသော တရားတို့သည် အမျက်ထွက်သောသူသို့ ရောက်လာတတ်ကုန်၏။ ခုနစ်ပါးသော တရားတို့သည် အဘယ်နည်း။ ရဟန်းတို့ -ဤလောက၌ ရန်သူတယောက်သည် ရန်သူ တယောက်အား...

၁။ ဤငါ၏ရန်သူသည် အဆင်းမလှပါမူ ကောင်းလေစွဟု အဆင်းမလှခြင်းကို အလိုရှိ၏။ အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရန်သူတယောက်သည် ရန်သူတယောက်၏ အဆင်းလှခြင်းကို မနှစ်သက်။

ရဟန်းတို့ အမျက်ထွက်လျက်ရှိသော အမျက်သည်ပြင်း စွာ နှိပ်စက်အပ်သော၊ အမျက်ဒေါသအလိုသို့ လိုက်

သောသူသည် ကောင်းမွန်စွာ ရေချိုးပြီး နံ့သာပန်း ဘိုပြင့် လိမ်းကျံလျက် ကောင်းမွန်သော အဝတ်ကန်ဆာတို့ကို ဝတ်စားဆင်ထားသော်လည်း ထိုသူ၏ အဆင်းရုပ်ဝါ မျက်နှာဘိုသည် မလှမပ ကြည့်၍မရအောင် ဖြစ်လေရာ၏။ ဤကဲ့သို့ ဖောက်ပြန်ခြင်း၊ အဆင်းရုပ်ဝါ မလှမပဖြစ်ရခြင်းသည် အမျက်ထွက်သောသူသို့သာ ရောက်လာတတ်၏။

၂။ ရဟန်းတို့ တဖန်လည်း ငါ၏ရန်သူသည် ဆင်းရဲဒုက္ခနှင့် တွေ့ရပါစေ၊ ဆင်းရဲဒုက္ခနှင့်တွေ့ပါမူ ကောင်းလေစွဟု တောင့်တ၏။

၃။ ငါ၏ရန်သူသည် စည်းစိမ်ဥစ္စာ များစွာမဖြစ်ထွန်းပါ စေနှင့် (ဝါ)မတိုးပွားပါစေနှင့်။

၄။ ငါ၏ရန်သူသည် အတွင်းအပ အသုံးအဆောင် အိမ်ထောင်ခမ်းနား ရှားပါးမွဲတေပါစေ။

၅။ ငါ၏ရန်သူသည် အကျော်အစော မရှိပါစေနှင့်။

၆။ ငါ၏ရန်သူသည် မိတ်ဆွေခင်ပွန်း မရှိပါစေနှင့်။

၇။ ငါ၏ရန်သူသည် သေသည်၏အခြားမဲ့၌ သုဂတိသို့ မရောက်ပါစေနှင့် (အပါယ်လေးပါးသို့ လားရောက်ပါစေ)ဟူ၍ ဖြစ်၏။

ဤခုနစ်ပါးသော တရားတို့သည် အမျက်ထွက်သောသူသို့ ပြန်၍လာတတ်သော **ကိုယ့်ရှုးကိုယ်ပတ်သော** တရားများ ဖြစ်ကြ၏။

ရဟန်းတို့ အမျက်ထွက်လေ့ရှိသော အမျက်ဒေါသအလိုသို့ လိုက်တတ်သော သူသည် ကာယဒုစရိုက်ခါ ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်၏။ ဝစီဒုစရိုက်တခါ နှုတ်ဖြင့်မကောင်းမှုကို ပြောဆို၏။

မနောဒုစရိုက်တခါ စိတ်ဖြင့် မကောင်းမှုကိုကြံစည်တတ်၏။ မျက်မာန်ချုပ် သည်းခံခြင်းကိုမပြု၊ ဒုစရိုက်ကိုသာ ကျင့်မှား သဖြင့် ချမ်းသာကင်းရာ အပါယ်သို့သာ လားလေရာ၏။

ဥပမာကား–

သူ့ကောင်ဖုတ်ရာ၌ အသုံးပြုသော တံရှူးဝါး (တံစူးဝါး) နှင့် ထင်းကလားတို့ကို အိမ်အသုံး အဆောင်နှင့် အခြားသောအသုံးအဆောင်အတွက် အသုံးမပြုကြ၊ မသုံးကြတော့သကဲ့သို့၊ ထို့အတူ အမျက်ဒေါသ နောက်သို့လိုက်၍ ဖောက်ပြန်ပြစ်မှားတတ်သော စိတ်ရှိသောသူသည် တံရှူးဝါး(တံစူးဝါး) ထင်းကလား တို့နှင့်သာ တူလေကော့၏ဟူ၍ ဟောတော်မူသည်။ ရန်သူသည် မိမိအား အပါယ် လေးပါးသို့ ဆွဲ၍မချနိုင်၊ အမျက်ဒေါသသည်သာ အပါယ်သို့ ဆွဲချနိုင်လေ သည်ဟု ဆင်ခြင်ပါ။

## သမာစာရ ၃–မျိုး

ဤသို့ ဆင်ခြင်၍မှ ရန်သူ့အပေါ်ဖြစ်သော အမျက်ဒေါသ မပြေငြိမ်းသေးလျှင် (ဝါ) စိတ်ဆိုးမပြေသေးလျှင် အောက်ပါ အတိုင်း ဆင်ခြင်ရမည်။

တသ္မာ ယံယံ ဣစ္ဆတိ၊ တံတံ အနုဿရိတဗ္ဗံ၊ တာဒိသေ ဟိ ပုဂ္ဂလေ နဒုက္ကရာ ဟောတိ မေတ္တာဘာဝနာ။

စသည်နှင့်အညီ ဤလောက၌ အချို့သောသူသည် ကာယသမာစာရခေါ် ကိုယ်ကျင့်တရား ကောင်းကြ၏။ ဝစီသမာစာရခေါ် နှုတ်အကျင့်နှင့် မနောသမာစာရခေါ် စိတ်အကျင့် မကောင်းကြ။

အချို့မှာ ဝစီသမာစာရခေါ် နှုတ်အကျင့်အားဖြင့် ပြေပြစ်တင့်တယ် ချစ်ဖွယ်သောစကားကို ပြောဆိုကြသည်။ ကာယသမာစာရ ကိုယ်အကျင့်နှင့် မနောသမာစာရ စိတ်အကျင့် မကောင်းကြကုန်။

အချို့မှာ မနောသမာစာရခေါ် စိတ်အကျင့် ကောင်းမွန်စင်ကြယ်ကြသည်။ ကိုယ်အမူအရာ နှုတ်အမူအရာ မကောင်းကြ၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင်-

၁။ ဝစီသမာစာရ နှုတ်အကျင့်နှင့် မနောသမာစာရ စိတ်အကျင့် မကောင်းသော်လည်း ကာယသမာစာရ ခေါ် ကိုယ်ကျင့်တရား ကောင်းသူကို ဤလူသည် ဝစီသမာစာရ၊ မနောသမာစာရတို့သာ မကောင်း သည်၊ ကာယသမာစာရ ခေါ် ကိုယ်အမူအရာ စင်ကြယ်ကောင်းမွန်သည်ဟု မကောင်းသော ဝစီသမာစာရ၊ မနောသမာစာရတို့ကို နှလုံးမသွင်းမူ၍ ကောင်းသော ကာယသမာစာရ ကိုယ်အမူအရာ အကျင့်ကိုသာ နှလုံးသွင်းရမည်။

ဥပမာ နွေနေပူတို့ဖြင့် နှိပ်စက်ခရီးပန်းလျက် အစာရေစာ ဆာလောင်မွတ်သိပ်သော ယောကျ်ားသည် မှော်ရေညှိ တို့ဖြင့် ဖြွေးယှက်၍နေသော ရေကန်ကိုတွေ့လေလျှင် ထိုရေကန်သို့သက်ဆင်း၍ မှော်ရေညှိတို့ကို ဖယ် ရှားပြီး လက်ခုပ်ဖြင့် ရေကိုခပ်ယူ၍ သောက်သကဲ့သို့ မှော်ရေညှိနှင့် တူသော ဝစီသမာစာရ၊ မနောသမာစာရတို့ကို ဖယ် ရှားလျက် ရေနှင့်တူသော ကာယသမာစာရကိုသာ နှလုံးသွင်းရမည်။ (စိတ်ကြမ်း နှုတ်ကြမ်း သော်လည်း မိဘဆရာစသည်တို့၏ ဝတ်ကြီးဝတ်ငယ် တို့ကို ပြုစုနေသူ)

၂။ အချို့မှာ ကာယသမာစာရ မနောသမာစာရတို့ မကောင်းကြ သော်လည်း ဝစီသမာစာရခေါ် နှုတ်အမူအရာဖြင့် သူတပါး တို့ နားချမ်းသာအောင် သာယာနာပျော်ဖွယ် ပြောဆို တတ်ကြလေသည်။ ထိုသူအား ဤသူသည် ကာယသမာ စာရ ကိုယ် အမူအရာ၊ မနောသမာစာရ စိတ်အကျင့်တို့သာ မကောင်းကြသည်။ ဝစီသမာစာရ နှုတ်အမူအရာ ကောင်းမွန်သည်ဟု မကောင်းသော ကာယသမာစာရ မနောသမာစာရတို့ကို နှလုံးမသွင်းပဲ၊ ကောင်း မွန်သော ဝစီသမာစာရကိုသာ နှလုံးသွင်းရမည်။

ဥပမာ ပံ့သကူသင်္ကန်းကို ဆောင်သောရဟန်းသည် ဈေးအနီး၊ လမ်းခရီး သုသာန်စသည်တို့၌ စွန့်ပစ်ထားသော ပုဆိုး စုတ်ပိုင်းကိုမြင်လျှင် ထိုပုဆိုးစုတ်ပိုင်း၌ မကောင်း သော

အသားတို့ကို စွန့်ပစ်ထားခဲ့၍၊ ကောင်းသော အသားအပိုင်းကိုသာ ဆုတ်ယူပြီး သွားလေသကဲ့သို့။

ထို့အတူ မကောင်းသော အသားအသွေးနှင့်တူ သော မကောင်းသော ကိုယ်မှု စိတ်မှုတို့ကို နှလုံး မသွင်းမူ၍ ကောင်းသော ဝစီသမာစာရကိုသာ နှလုံး သွင်းရမည်။

၃။ အချို့မှာ ကာယသမာစာရနှင့် ဝစီသမာစာရခေါ် ကိုယ်အမူအရာ နှုတ်အမူအရာ မကောင်းကြသော် လည်း မနောသမာစာရခေါ် စိတ်ထားကောင်းမွန် ကြလေသည်။ ထိုသူအား မကောင်းသော ကာယသမာစာရ၊ ဝစီသမာစာရခေါ် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို မစိစစ် မတွေးတောပဲ စိတ်ထား ကောင်းမွန်မြင့်မြတ်ပုံ မနော သမာစာရကိုသာ နှလုံး သွင်းဆင်ခြင်ရမည်။

ဥပမာ ခရီးပန်းလာသော ခရီးသွားယောကျာ်းသည် နွားခြေရာ ခွက်၌ရှိသောရေကိုတွေ့လေလျှင် ၎င်းရေကို လက်ခုပ်ဖြင့် ဖြစ်စေ၊ ခွက်ဖြင့်ဖြစ်စေ ခပ်၍သောက်ပါမူ ထိုရေသည် လှုပ်ရှားပြီးလျှင် နောက်ကျုပေလိမ့်မည်။

ထို့ကြောင့် လက်ခုပ်ခွက်တို့ဖြင့် မခပ်ယူဘဲ လေးဘက် ထောက် ဝပ်၍ နွားကဲ့သို့ သောက်ရသကဲ့သို့ ကာယ သမာစာရ၊ ဝစီသမာစာရတို့ကို နှလုံးမသွင်းပဲ၊ ကောင်းသော မနောသမာစာရကိုသာ နှလုံးသွင်းရမည်။

၄။ အချို့သော သူတို့သည် အထက်ဖော်ပြပါ ကိုယ် နှုတ် နှလုံး သုံးပါးလုံးပင် ယဉ်ကျေးသိမ်မွေ့ခြင်း မရှိ၊ (က)ကိုယ်

နှုတ် နှလုံး သုံးပါးလုံးပင်မကောင်း၊ ထိုသူအား ဤသို့ ဆင်ခြင်ရမည်။

ဤသူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ပယ်၍ မနောဒုစရိုက်ကိုပွားများပါမူ ကောင်းလေရာ၏။ ယခုဘဝ ပစ္စက္ခမျက်မှောက်ဘဝကလေး၌သာ လူဖြစ်၍ နေရရှာလေသည်။ ဤခန္ဓာကိုယ်ပျက်စီး၍ သေပြီးသောအခါ ချမ်းသာကင်းသော အပါယ်လေးပါးသို့သာ လားရောက်ပေတော့မည်ဟု သနားခြင်းကိုဖြစ်စေရမည်။

ဥပမာ လူသူမနီးလမ်းခရီး၌ အနာနှိပ်စက်၍ ပြင်းစွာ အခံရခက်ပြီးလျှင် ဆေးဝါး ၊ အစာရေစာ၊ သူနာပြုစုသည် ဘာတခုမှမရှိသော သူနာတယောက်ကို တွေ့မြင်၍ သနားခြင်းကရုဏာ ဖြစ်ပေါ်လာသကဲ့သို့တည်း။

ဤကဲ့သို့ သနားခြင်းကရုဏာ ဖြစ်ပေါ်လာလျှင်လည်း အမျက်ဒေါသ ငြိမ်းအေးစေနိုင်ပါသည်။

(အင်္ဂုတ္တရ။ အာဃာတဝဂ္ဂ–၃–အာဃာတဝိနယ နှာ–၁၆၄)

ဤကဲ့သို့ ကာယသမာစာရ၊ ဝစီသမာစာရ၊ မနောသမာ စာရ၊ သုံးမျိုးငြိမ်းလျှင်လည်း မေတ္တာဘာဝနာပွားရန် (ဝါ) မေတ္တာပို့ရန် မခဲယဉ်းတော့ပြီ။

ထို့ကြောင့်

"ရန်သူကိုကား၊ ရန်မပွားပဲ၊ သုံးပါးထိုသူ့၊ ကံအမှု၌၊ ကောင်းပြုကိုသာ၊ ရှုစပါလျက်"ဟု

မဃဒေဝ။ နှာ-၃၀၂။ ပုဒ်ရေ-၄၃၆ ၌ ရေးသားတော်မူသည်။

## တစ်ဦးမေတ္တာတစ်ဦးမှာ

နှစ်ရှာ တစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
မိတ်ဆွေခြင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာ၁၈မြတ်ဆုံး။
အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေရပ်ရှာလုံး။
မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
တစ်ဦးမေတ္တာ၊ တစ်ဦးမှာ ရှည်ကြာရှဲ့မမုန်း။
တရားပျောက်ကွယ်၊ မေတ္တာငယ်၊ ကြီးငယ်အများမုန်း။
မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

*စံကင်းဆရာတော်ဘုရားကြီး*

*(အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်သာသနာပိုင်)*

# မိမိကိုယ်ကို ဆုံးမပါ

ဤသို့ဆင်ခြင်၍မှ ရန်သူ့အပေါ် အမျက်ဒေါသ မငြိမ်းသေးလျှင် (ဝါ)မိဘ်ဆိုးမပြေသေးလျှင် မိမိကိုယ်ကို အောက်ပါအတိုင်း ဆုံးမ,ပါ။

၁။ ငါ၏ရန်သူသည် ငါ၏ခန္ဓာကိုယ် ဆင်းရဲအောင်သာ ပြုလုပ်နိုင်သည်။ ငါ၏စိတ်ကို ဆင်းရဲဒုက္ခဖြစ်အောင် မပြုလုပ်နိုင်။
သို့ဖြစ်ပါလျက် သူတပါးဝမ်းသာအောင် ငါ ဘာပြု၍ အမျက်ထွက်ရသနည်း။

၂။ ငါသည် ကျေးဇူးကြီးလှသော မိဘဆွေမျိုးတို့နှင့် တကွ သက်ရှိသက်မဲ့အရာဝတ္ထုတို့ကို စွန့်လွှတ်နိုင်သူ ဖြစ်ပါ

လျက် ကျေးဇူးမရှိပဲ ငါ၏ အကျိုးမဲ့ကို သာပြုတတ်သော ဤဒေါသအမျက်ကို စွန့်လွှတ် ခြင်းမှာ အဘယ့်ကြောင့် မစွမ်းနိုင်ပါသနည်း။

၃။ ငါသည် သီလကိုစောင့်ရှောက်နေ၏။ ထိုသီလတို့၏ အရင်းအမြစ်ဖြစ်သော ကာယဒုစရိုက် စသည်မှ ရှက်ခြင်း–ဟိရီ၊ ကြောက်ခြင်း–ဩတ္တပ္ပ၊ သည်းခံ ခြင်း–ခန္တီနှင့် ချစ်ခြင်း–မေတ္တာတို့ကိုဖြတ်တတ်သော (ဖျက်ဆီး တတ်သော) အမျက်ဒေါသကို ဖြားယောင်း လက်ခံ နေ၏။ သင့်ထက်မိုက်သူ ရှိပါဦးမည်လော။

၄။ အို...ပညာရှိ၊ ငါ၏ရန်သူသည် ယုတ်မာမိုက်မဲ သောအမှုကို ပြုလေပြီဟု သင်ကတဖန် ပြန်၍အမျက် ထွက်ပြန်၏။

သူတော်မဟုတ် သူယုတ်မာသည် ပြုလုပ်အပ် သော မကောင်းမှု အမျက်ဒေါသကို အဘယ့်ကြောင့် တဖန်ပြန်၍ ပြုလိုသနည်း။

၅။ ပြင်ပကရန်သူသည် သင့်ကို အမျက်ဒေါသဖြစ်စေ လို၍ သင့်၏စိတ်နှလုံးကို အကယ်၍ပြုအံ့။ သင်သည် ငါ့ကို ပြုသည်ဟု ဒေါသဖြစ်ပြန်သဖြင့် ထိုရန်သူ၏ နှလုံး အလိုကို ပြည့်စေသည် မဟုတ်ပါလော။

၆။ ချမ်းသာကို အလိုရှိသော အို...သူတော်ကောင်း၊ ရန်သူကိုပြန်၍ သင်အမျက်ထွက်ခဲ့လျှင် ထိုရန်သူ၏ ကိုယ်၏ဆင်းရဲခြင်းကို ပြုချင်လည်း ပြုနိုင်ပေလိမ့်မည်။ မပြုနိုင်လျှင်လည်း နေလိမ့်မည်။

သို့သော်...သင့်မှာတော့ အမျက်ဒေါသတည်း ဟူသော ဆင်းရဲက ယခုပင် နှိပ်စက်ခဲ့လေပြီ။

၇။ အကျိုးမဲ့ကို ဖြစ်စေတတ်သော ကောခအမျက်တည်းဟူသော ဒုဂ္ဂတိခရီးလမ်းသို့ ရန်သူတို့သည် အကယ်၍ သွားကြကုန်အံ့။

သင်ကလည်း အမျက်ထွက်ပြန်၍ ထိုအမျက် ဒေါသတည်းဟူသော ရန်သူနောက်သို့ အဘယ်ကြောင့် လိုက်လိုသနည်း။

၈။ ရန်သူသည် ကောခအမျက်ကိုမှီ၍ မနှစ်သက်ဖွယ်ကို သင့်အားပြုလေပြီ။ ထိုဒေါသကိုသာဖြတ်ပါလော့၊ အရာမဟုတ်သည်၌ အဘယ့်ကြောင့် ပင်ပန်းဘိ သနည်း။

မှတ်ချက်။ ။ ဤ၌ ဒေါသသည်သာ အ့မနာပ(မနှစ်သက်ခြင်း) ကို ပြုတတ်သည်။ ရန်သူမှာ ဒေါသ၏အလိုသို့လိုက်ရသော ကျွန်နှင့်တူ၏။ ရန်သူကိုနေပါစေ၊ ဒေါသကိုသာသတ်ပါ။ အိမ်ခွေးမြေခွေးတို့ကဲ့သို့ မကျင့်ပါနှင့်။ ခြင်္သေ့ကဲ့သို့ကျင့်ပါဟု ဆိုလိုသည်။

အိမ်ခွေးမြေခွေးတို့သည် ရန်သူကပစ်လွှတ်အပ်သော တုတ်၊ ခဲ၊ ကျောက်ခဲ၊ လုံကန် တို့ကိုသာ လိုက်၍ကိုက်တတ်သည်။ ပစ်သူကို အရေးမထား။ ခြင်္သေ့မှာထိုကဲ့သို့မဟုတ်။ တုတ်၊ လုံကန်တို့ကို အလေးမမူ ဂရုမထား။ အရင်းမူလဖြစ်သော ရန်သူကိုသာ နှိမ်နင်းတတ်လေသည်။ ပစ်သူနှင့် အရင်းမူလဒေါသတူ၏။ တုတ် လုံကန်စသည်နှင့် ရန်သူတူ၏။ တုတ် လုံကန်စသည်နှင့်တူသော ရန်သူကို ပြန်လှန်ရန်ပြု၍ အကျိုးမရှိ၊ မိမိမှာ ဖြစ်ပေါ်နေသောဒေါသကိုသာ နှိမ်နင်းရမည်ဟုဆိုလိုသည်။

၉။ ပရမတ္ထဓမ္မတို့မည်သည် ခဏတဖြုတ်အားဖြင့်(ဝါ) ခဏတိုင်း ခဏတိုင်း ဖြစ်တတ်ပျက်တတ်ကြသည်မှာ ဓမ္မတာဖြစ်သည်။

ယခင်က သင့်အားရန်သတ္တုရပြုသော ခန္ဓာကိုယ်တို့သည် ယခုမရှိကြတော့ပြီ။ ယခုအခါ ခန္ဓာ အသစ်ဖြစ်၍နေလေပြီ။ ဤသို့ဆိုလျှင် အဘယ်ခန္ဓာအား အမျက်ထွက်မည်နည်း။

၁၀။ အကြင်ပုဂ္ဂိုလ်သည် အကြင်ပုဂ္ဂိုလ်အား ဆင်းရဲခြင်းကိုပြု၏။ ထိုဒုက္ခကို ပြုခြင်းအခြင်းအရာဖြစ် သောထိုပုဂ္ဂိုလ်ကိုကြည့်၍ အဘယ်သူအား ထို ဒုက္ခကို ပြုသောပုဂ္ဂိုလ်သည် ဆင်းရဲကို ဖြစ်စေနိုင်မည်နည်း။

(ရန်သူလည်း ဒုက္ခကောင်=မိမိလည်း ဒုက္ခကောင်၊ ဤကဲ့သို့ ဒုက္ခကောင်ချင်း တူပါလျက်၊ (ဝါ) အမှုသည်ချင်း တူပါလျက် အမှုသည်တဦးအား အပြစ်ပြု၍ လမ်းမမှန်ဟု ဆိုလို၏။)

ဤသို့လျှင် မိမိကိုယ်ကို ဆုံးမ,ပါလျှင်လည်း ရန်သူ့ အပေါ်၌ထားအပ်သော အာဃာတတရားများ ပြေပျောက်၍ မေတ္တာဘာဝနာကို ပွားများနိုင်ပါလိမ့်မည်။

## ကမ္မဿကတာသတ္တဝါ

ဤကဲ့သို့ မိမိကိုယ်ကိုဆုံးမ၍မှ ရန်သူ့အပေါ်စိတ်ဆိုးမပြေသေးလျှင် ကံသာလျှင် မိမိဥစ္စာရှိသည့်အဖြစ်ကို ဆင် ခြင်ပါ။

အို...အချင်းယောဂီ၊ သင့်ရန်သူအား အဘယ်ကြောင့် အမျက်ထွက်သနည်း၊ ဒေါသလျှင် အကြောင်းရင်းရှိသော ထိုမကောင်းမှုကံသည် သင့်အား အကျိုးမဲ့ကို ဖြစ်စေတော့ မည်။

သင်သည် ကံသာလျှင်အားကိုးရာရှိ၏။ ယခု ဖြစ်ပေါ်နေသော ဒေါသတည်းဟူသော ထိုမကောင်းမှုကံကြောင့် နတ်ရွာ နိဗ္ဗာန်တည်းဟူသော အကျိုးမှ ယုတ်လျော့တော့မည်။ မြူမှုန်အမှိုက်တို့ကို လေညာသို့ပစ်လွှတ်လျှင် မိမိထံသို့ ပြန်လာ သကဲ့သို့ ထိုဒေါသ၏အကျိုးသည်လည်း မိမိထံသို့သာ ပြန်၍လာပေတော့ မည်ဟု ဆင်ခြင်ရမည်။

ဤကဲ့သို့ ကံသာလျှင်အကြောင်းရင်း ကံသာလျှင်မိမိဥစ္စာ ရှိသည်၏အဖြစ်ကို ဆင်ခြင်ပါလျှင်လည်း ဖြစ်ပေါ်နေသော အမျက် ဒေါသ ပြေပျောက်ပါလိမ့်မည်။

ဤကဲ့သို့ဆင်ခြင်၍မှ ရန်သူ့အပေါ် အမျက်ဒေါသမပြေနိုင် သေးလျှင် ဘုရားအလောင်းတော်ဖြစ်စဉ် လေးသင်္ချေနှင့်ကမ္ဘာ တသိန်း ပါရမီဖြည့်ကျင့်ခဲ့ပုံတို့ကို ဆင်ခြင်ပါ။

## အလောင်းတော်ဘဝ၌သည်းခံပုံ

ဘုရားအလောင်းတော်သည် ထိုထိုသို့သောဇာတ်တို့၌ ရန်သူတို့သည် နည်းမျိုးစုံ နှိပ်စက်ညှဉ်းဆဲသော်လည်း စိတ်မျှပင် မပြစ်မှားပဲ အဓိဝါသနခန္တီတရားကို လက်ကိုင်ထားတော်မူခဲ့ လေသည်။

ခန္တီဝါဒီဇာတ်၌ ခန္တီဝါဒီရှင်ရသေ့အား ကာသိတိုင်းအရှင် ဖြစ်သော ကလာဗုမင်းကြီးသည် ဆူးရှိသောကြိမ်တို့ဖြင့် အမျိုးမျိုး ရိုက်နက် နှိပ်စက်ရုံမျှမကပဲ လက်ခြေတို့ကိုပင်ဖြတ်သော်လည်း အမျက် ဒေါသမထွက်၊ စိတ်မျှပင်မပြစ်မှားပဲ သည်းခံတော်မူသည်ကို လည်းကောင်း . . .။

စူဠဓမ္မပါလဇာတ်၌ ပက်လက်အိပ်တတ်ကာမျှသာဖြစ်သော ဓမ္မပါလသတို့သားအား ခမည်းတော်ဖြစ်သော မဟာပတာပ မင်းကြီးသည် အမျက်ဒေါသ ခြောင်းခြောင်းထလျက် လက် ခြေတို့ကိုဖြတ်ရန် အာဏာသားတို့အား စေခိုင်းလေသည်။

အာဏာသားတို့သည် မင်းကြီးစေခိုင်းသည့်အတိုင်း ပက် လက်အိပ်တတ်ကာမျှဖြစ်သော ဓမ္မပါလသတို့သား၏ လက် ခြေတို့ကို

ဖြတ်ကြသော်လည်း အနည်းငယ်မျှ အမျက်ထွက်တော်မမူ။

လက်ခြေတို့ကိုဖြတ်ရန် စေခိုင်းသူ ဖခမည်းတော် မဟာပတာပမင်းကြီးအားလည်းကောင်း၊ မိမိလက်ခြေတို့ကို ဖြတ် ကြသော အာဏာပါးကွက်သား တို့အားလည်းကောင်း၊ သည်းအူပြတ်မျှ ငိုကြွေးမြည်တမ်းသော မယ်တော် စန္ဒာဒေဝီမိဖုရား အားလည်းကောင်း၊ မိမိကိုယ်အားလည်းကောင်း ထပ်တူညီမျှသော သိမသမ္ဘေဒ အဖြစ်ကိုထားလျက် သည်းခံတော် မူသည်ကိုလည်းကောင်း...။

ဆဒ္ဒန်ဆင်မင်းဘဝတွင် တိရစ္ဆာန်ဖြစ်လျက်ပင် မိမိအား ဆိပ်လူးမြားဖြင့်ပစ်သော သောနုတ္တရမုဆိုးအား အမျက်မထားပဲ စွယ်တော်နှစ်ဆူကို ကြည်ဖြူစွာ လှူဒါန်းတော်မူသည်ကို လည်းကောင်း...။

မျောက်မင်းဖြစ်စဉ်ကလည်း ချောက်တွင်းမှ ကယ်ခဲ့ဖူး သော ယောကျ်ားယုတ်သည် မိမိဦးခေါင်းကို ကျောက်ခဲနှင့် ထု သော်လည်း အမှုမထား။ လူတို့သွားရာလမ်းခရီးကို ပို့ဆောင်ပြသတော်မူ သည်ကိုလည်းကောင်း...။

ဤသို့စသည်ဖြင့် ဘုရားရှင်သည် ရှေးက ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ယခု ဘုရားအဖြစ်သို့ ရောက်တော်မူလေပြီ။

ဘုရားရှင်သည် သည်းခံခြင်းတည်းဟူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ၏။ ငါမှာ သည်းမခံနိုင်၊ ဘုရားရှင်၏ သဘောတော်နှင့် ငါ့သဘောမတူကြပဲ ဆန့်ကျင်ခဲ့လေပြီ၊ စသည်ဖြင့် ဆင်ခြင်ပါ။

## အနမတဂ္ဂသုတ်

ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး ကိလေသာ၏ကျေးကျွန် အဖြစ်သို့ရောက်၍နေသော အချင်းယောဂီ... ဤသို့ဆင်ခြင်၍မှ ရန်သူ့အပေါ် ဒေါသမပြေငြိမ်းသေးလျှင် ဘုရားရှင် ဟောကြား တော်မူသော အနမတဂ္ဂသုတ်ကို ဆင်ခြင်ပါ။ ဟောတော်မူပုံမှာ...

"နသော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယောနမာတာ ဘူတပုဗ္ဗော၊ ယောနပိတာဘူတပုဗ္ဗော၊ ယောန ဘာတာ" စသည်ဖြင့် ဟောတော်မူသည်။

(သံ-၁-၃၉၅)

ရဟန်းတို့-ရှေးကအမိမဖြစ်ဖူးသူ၊ အဖမဖြစ်ဖူးသူ၊ အစ်ကို အစ်မ စသည်မဖြစ်ဖူးသူဟူ၍မရှိ၊ ဤရန်သူသည် ရှေးက ငါ၏ အမိဖြစ်ခဲ့၍ ကိုးလလွယ် ဆယ်လဖွားပြီး ငါ၏ကျင်ကြီး ကျင် ငယ် နပ်တဲတွေး စသည်တို့ကို စန္ဒကူးနံ့သာအသွင် စက်ဆုပ် ရွံရှာခြင်းမရှိပဲ ပြုစုသုတ်သင်ခဲ့ဖူးလေပြီ။

ထိုသူသည် ငါ၏အဖဖြစ်၍ ငါ့အား ကုန်သွယ်ခြင်း၊ လယ် လုပ်ခြင်း စသည်ဖြင့် မငြိုမငြင်ကျွေးမွေးခဲ့ဖူးလေပြီ၊ စသည်ဖြင့် ဆင်ခြင်ပါ။

ဤကဲ့သို့ ဆင်ခြင်လျှင် ရန်သူ့အပေါ်၌ဖြစ်သော ဒေါသ တရားငြိမ်းအေး၍ သွားပါလိမ့်မည်။ ဤကဲ့သို့ ဆင်ခြင်၍မှ ဒေါသမပြေသေးလျှင် ဘုရားရှင်ဟောတော်မူသော မေတ္တာ အကျိုး ၁၁-မျိုးကို ဆင်ခြင်ပါ။

## မေတ္တာအကျိုး ၁၁ မျိုး

**"မေတ္တာစေတောဝိမုတ္တိကထာ"** ဟုဆိုအပ်သော မေတ္တာနှင့်တကွ စိတ်ကို ကောင်းစွာထားတတ်သော သမာဓိ၏အကျိုးအာနိသင်တို့သည် ၁၁-မျိုးရှိကုန်၏။ ၎င်းတို့မှာ...

၁။ သုခံ သုပတိ၊ ချမ်းသာစွာအိပ်ရခြင်း၊

၂။ သုခံ ပဋိဗုဇ္ဈတိ၊ ချမ်းသာစွာနိုးရခြင်း၊

၃။ နပါပံ သုပိနံ ပဿတိ၊ မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း၊

၄။ မနုဿာနံ ပိယော ဟောတိ၊ လူတို့ချစ်ခင်ကြခြင်း၊

၅။ အမနုဿာနံ ပိယော ဟောတိ၊ နတ်တို့ချစ်ခင်ကြခြင်း၊

၆။ ဒေဝတာရက္ခန္တိ၊ နတ်တို့စောင့်ရှောက်ကြခြင်း၊

၇။ နဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊ မီးအဆိပ် လက်နက်တို့ဖြင့် မထိခိုက်နိုင်ခြင်း၊

၈။ တုဝင္ဍ စိတ္တံ သမာဓိယတိ၊ စိတ်တည်ကြည်မှုကို လျင်စွာရခြင်း၊
၉။ မုခဝဏ္ဏော ပသီဒတိ၊ မျက်နှာအဆင်း ကြည်လင်ခြင်း၊
၁၀။ အသမ္မူဠော ကာလင်္ကရောတိ၊ မတွေမဝေသေရခြင်း၊
၁၁။ ဥတ္တရိမပ္ပဋိဝဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ၊ လျင်မြန်သော အရဟတ္တဖိုလ်တရားကို ထိုးထွင်း၍ မသိနိုင်သော်လည်း သေသည်၏အခြားမဲ့၌ ဗြဟ္မာ့ပြည်သို့ လား ရောက်ရ၏ ဟု မေတ္တာအကျိုး ၁၁–မျိုးရှိသည်။ သင်သည် ဤမေတ္တာအကျိုး ၁၁ မျိုးတို့မှ လွဲချော်ရ တော့မည်ဟု ဆင်ခြင်ပါ။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် မေတ္တာကထာ
၂။ အင်္ဂုတ္တရပါဠိတော်–ဧကာဒသနိပါတ မေတ္တသုတ်

## မေတ္တာအကျိုး ၁၁–မျိုးလင်္ကာ

အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊
နှစ်သက်လူနတ်၊ စောင့်မှတ်နတ်များ၊
ဆိပ်ကားမနှံ့၊ စိတ်ပျံ့တည်ကြည်၊
ရှင်သည်မျက်နှာ၊ သေကာမတွေ၊
လားလေဗြဟ္မာ၊ ဆဲ့တခါဟု–
မေတ္တာနိသင်၊ အကျိုးထင်သည်။ ။
ရှင်လူအများကျင့်ရာသော်။ ။

(ပြည်ဆရာတော်)

## တနည်းမေတ္တာအကျိုး ၁၁–မျိုးလင်္ကာ

ချမ်းသာအိပ်စက်၊ ချမ်းသာလျက်နိုး၊
အိပ်မက်ဆိုးကင်း၊ စောင့်ခြင်းနတ်များ၊
လူသားလည်းချစ်၊ နတ်လည်းချစ်၏၊
လက်နက်ဆိပ်မီး၊ ပြီးသည်တဖြာ၊
မျက်နှာရွှင်ကြည်၊ တည်ကြည်နှလုံး၊
သေဆုံးမတွေ၊ သေလျှင်ဗြဟ္မာ၊
ဖြစ်တတ်စွာသည်၊ မေတ္တာအကျိုး
ဆယ့်တစ်မျိုးတည်း။ ။

(ရွှေဟင်္သာတောရ–ညောင်တုန်း)

ဤ၌ လက်နက်အဆိပ်မီး ပြီးသည်ဟု ဟောတော်မူရာ၊ သုဝဏ္ဏသာမဇာတ်တော်၌ မေတ္တာဖြင့်နေလေ့ရှိသော သာမသတို့သားအား ပိဠိယက္ခမင်းကြီးသည် ပစ်အပ်သော ဆိပ်လူးမြား အမှန်ခံရသည်ဆိုသော စကားနှစ်ရပ်တို့မှာ ဆန့်ကျင်သကဲ့သို့ ဖြစ်နေသည်။

ယင်းစကားနှစ်ရပ်မဆန့်ကျင်ပုံ၊ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့ အမေးအဖြေကို ဖေါ်ပြဦးအံ့။

## မိလိန္ဒမင်းကြီးမေး၊ ရှင်နာဂသေနဖြေ

မေး။ ။ အရှင်ဘုရား...၊ ဘုရားရှင်သည် "ရဟန်းတို့–မေတ္တာဖြင့်နေလေ့ရှိသောသူသည် ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း စသော ၁၁–ပါးသော အကျိုးကို

ရနိုင်၏”ဟု ဟောတော်မူ၏။ တဖန်လည်း မေတ္တာဖြင့် နေလေ့ရှိသော သာမ, သ့တို့သားသည် သမင်အပေါင်း ခြံရံလျက် မိဂသမ္မဒါ မြစ်အနီး တောတွင်းလှည့်လည်သော် ပိဠိယက္ခမင်းသည် ဆိပ်လူးမြားဖြင့်ပစ်သည်ရှိသော် ထိုနေရာ ၌ပင် မိန်းမောလဲကျလေပြီဟု ဟောတော်မူပြန် ၏။

ထိုစကားနှစ်ခုတို့သည် ဆန့်ကျင်နေပါသည်။ စသည် ဖြင့် မေးမြန်းလျှောက်ထားလေသည်။

ဖြေ။ ။ မင်းမြတ်၊ ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း။ ပ။ လက်နက်သည် မကျရောက်ဟု ဟောတော်မူသည် မှန်၏။ တဖန် သာမသတို့သား ဆိပ်လူးမြားမှန်၍ လဲကျသည်မှာလည်း မှန်၏။ အကြောင်းကား . . . ဤသို့ ချမ်းသာစွာ အိပ်ရခြင်း စသော ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူး မဟုတ်၊ မေတ္တာဘာဝနာ၏ ဂုဏ်ကျေးဇူးသာ ဖြစ်၏။

မင်းမြတ် . . . သာမသတို့သားသည် ထိုအခါ ရေအိုးကို ချီမ,ခိုက်ဖြစ်၍ မေတ္တာဘာဝနာပွားမှု ကို မေ့လျော့ခဲ့၏။ မင်းမြတ် . . . မေတ္တာဘာဝနာ ပွားဆဲ ပွားနေစဉ်အတွင်းသာ လက်နက် အဆိပ်မီး စသည် မကျရောက်နိုင်။ မင်းမြတ် . . . လောက၌ မကွဲမပျက် နိုင်သော ချပ်ဝတ်တန်ဆာကွန်ယက်ကို ဝတ်ဆင်ထား

သော စစ်သားသည် စစ်မြေပြင်သို့ဆင်းရာ ပစ်လိုက်သောမြားတို့သည် ထိုစစ်သား ထံသို့ ရောက်သော်လည်း ထိမှန်ခြင်းမရှိ။

ဤကဲ့သို့ မြားထိမှန်ခြင်း မရှိသည်မှာ ထို စစ်သား၏ ဂုဏ်ကျေးဇူးကြောင့်မဟုတ်၊ ချပ်ဝတ် တန်ဆာ၏ ဂုဏ်ကျေးဇူးသာဖြစ်၏ … စသည်ဖြင့် ဖြေကြားတော်မူ၏။ (ချပ်ဝတ်တန်ဆာနှင့် မေတ္တာဘာဝနာ။ ချပ်ဝတ်တန်ဆာ ဝတ်သောစစ်သားနှင့် မေတ္တာဘာဝနာပွားများသူ တူကြ၏။)

**မတောင့်တနှင့်**

အချင်းချင်း(တစ်ဦးနှင့်တစ်ဦး) ဒုက္ခရောက်မည်ကို လိုလား မတောင့်တပါစေနှင့်။

**(မေတ္တာသုတ်)**

# သသမ္ဘာရ ဓာတုဝိဘာဂ

"ဓဝမ္ဗိ နိဗ္ဗာပေတုံ အသက္ကောန္တေန ပန ဓာတုဝိနိဗ္ဗောဂေါ ကာတဗ္ဗော"နှင့်အညီ ဤကဲ့သို့ မေတ္တာ အကျိုး ၁၁-မျိုးကို ဆင်ခြင်၍မှ အမျက်ဒေါသ မငြိမ်းအေး မပြေပျောက် သေးလျှင် အောက်ပါအတိုင်းဆင်ခြင်ပါ။

ငါ သူတပါး ယောကျ်ား-မိန်းမ ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဝေါ်နေကြသော ပုပုရွရွ မြင်မြင်သမျှ သတ္တဝါအားလုံးတို့ သည် ဆံပင်-မွေးညှင်း-ခြေသည်း-လက်သည်း-သွား-အရေထူ- အရေပါး စသော ၃၂-ကောဋ္ဌာသအပေါင်းအစု သက်သက် မျှသာဖြစ်ကြသည်။

အို...အချင်းယောဂီ-ထိုရန်သူအား သင်အမျက်ထွက်ခြင်း သည် ဘာကိုအမျက်ထွက်ပါသနည်း။ ထိုသူ၏ဆံပင်ကို အမျက် ထွက်ပါသလော၊ သို့မဟုတ် မွေးညှင်းကိုလော၊ သွားစသည် ကိုလော၊ စသည်ဖြင့် ၃၂-ကောဋ္ဌာသစေ့အောင် ဝေဖန်ပြီး ဆင်ခြင်ပါ၊

ထို့ပြင်လည်း ထိုဆံပင်–မွေးညှင်း–ခြေသည်း–လက်သည်း–စသည်တို့၌ မြေ–ရေ–လေ–မီးဟူ၍ ဓာတ်ကြီးလေးခုတို့ ရှိကြ ၏။ ထိုဆံပင် စသည်တို့၌ရှိသော မြေဓာတ်ကို အမျက်ထွက် သလော၊ သို့မဟုတ် လေဓာတ်–ရေဓာတ်–မီးဓာတ်တို့တွင် ဘာကို အမျက်ထွက်သနည်း။

တနည်းအားဖြင့် ခန္ဓာအာယတနဓာတ်တို့ကို အစွဲပြု၍ ဤသူကို အမည်နာမအားဖြင့် မောင်ဖြူ၊ မောင်မဲ၊ မနီ၊ မဖြူ စသည်ဖြင့် ခေါ်ဝေါ်ကြရသည်။

ထိုရန်သူ၌ရှိသော ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟုဆိုအပ်သော ခန္ဓာငါးပါး...တွင် အဘယ်ခန္ဓာကို အမျက် ထွက်ပါသနည်း၊ ရူပက္ခန္ဓာကိုလား၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ တို့ကိုလား၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် စသော အာယတန ၁၂–ပါးတို့တွင် အဘယ်အာယတနကို သင်အမျက် ထွက်ပါသနည်း။ ဓာတ် ၁၈–ပါးတို့တွင်လည်း အဘယ်ဓာတ်ကို သင်အမျက်ထွက် သနည်း–စသည်ဖြင့် ဆင်ခြင်ပါ။

ဓေဥ္စိဓာတုဝိနိဗ္ဘောဂံ ကရောတော အာရဂ္ဂေ
သာသပဿ ဝိယ အာကာသေ စိတ္တကမ္မဿဝိယ စ
ကောမဿ ပတိဋ္ဌာနဋ္ဌာနံ နဟောတိ။

(ဝိသုဒ္ဓိ၊ နှာ–၂၉၉)

ဟူသည်နှင့်အညီ ဤကဲ့သို့ ကောဋ္ဌာသအားဖြင့်လည်းကောင်း၊ ခန္ဓာအာယတန ဓာတ်အားဖြင့်လည်းကောင်း ဝေဖန်၍ ဆင်ခြင်ပါလျှင် ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ လည်းကောင်း၊ ကောင်းကင်၌ ပန်းချီဆေးရေး၏ မထင်သကဲ့သို့ လည်းကောင်း၊

မိမိရန်သူအပေါ်၌ ထားအပ်သော အမျက် ဒေါသဟူသမျှတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောကျပျောက်ပျက်ရ လေတော့သည်။ ဤကဲ့သို့ ဓာတုဝိဘာဂ ကို မပြုနိုင်လျှင်...

## ပေးကမ်းခြင်းသည် အောင်မြင်

အဒန္တဒမနံ ဒါနံ-ဒါနံ သဗ္ဗတ္ထသာဓကံ။

ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

နှင့်အညီ မိမိတတ်အားသမျှသော ဝတ္ထုပစ္စည်းတို့ဖြင့် ရန်သူ အား ပေးကမ်းရသည်။

ထို့နောက် ရန်သူ့ထံမှပစ္စည်းကို သာယာခြေင်တောင်းခံ ယူပါ။ တနည်းအားဖြင့် ရန်သူ့ထံမှ သုံးဆောင်၍မဖြစ်တော့သည့် ပစ္စည်းအဟောင်းအမြင်းနှင့် မိမိထံမှ ကောင်းမွန်သော ပစ္စည်းကို လဲလှယ်၍ယူပါ။

ဤကဲ့သို့ပြုလုပ်ပါလျှင် မိမိကရန်သူ့အပေါ်၌ ထားအပ် သော အမျက်ဒေါသ အာဃာတပြေပျောက်၍ ရန်သူက မိမိအပေါ် ထားအပ်သော အမျက်ဒေါသလည်း ပြေပျောက်သွား ပါလိမ့်မည်။

**အနက်။** ။ဒါနံ=မဆွေရန်ကို ပယ်ဖျက်လျက် ရက်ရက်မနှေး ပေးကမ်းခြင်းသည်။ အဒန္တဒမနံ-မယဉ်ကျေးသူ ကို ယဉ်ကျေးစေတတ်၏။ ဒါနံ=ပေးကမ်းခြင်း သည်။ သဗ္ဗတ္ထသာဓကံ၊ အတ္တဟိတ, ဒိဋ္ဌဓမ္မိက, သမ္ပရာယိက- ဤသို့စသား များပြားဥဿုံ အလုံးစုံသော အကျိုး စီးပွားကိုပြီးစေတတ်၏။ ဒါနေန= ပေးကမ်းခြင်း

ဖြင့်လည်းကောင်း။ ပိယဝါစာယ- ချစ်ဖွယ်သော
စကားကိုဆိုခြင်းဖြင့်လည်းကောင်း၊ ဒါယကာယ၊
ပစ္စည်းဝန်ပုပ် မသိုမြှပ်ပဲ လက်ခုပ်ဖြေ ဆန့် ပေးကမ်း
တတ်သောသူသည်။ ဥန္နမန္တိ စ–မျက်နှာပန်းပွင့်၍
ကြီးမြင့်ကြကုန်၏။ ပဋိဂ္ဂဟကာစ–အလှူခံပုဂ္ဂိုလ်
တို့သည်လည်း။ နမန္တိ စ၊ မြက်ချိုစားချင် သား
သမင်သို့ ဆောလျင်စွာ ညွတ်လာရကုန်၏။

## ညီမျှမေတ္တာ

အထက်ဖော်ပြပါ ကကစူပမာသြဝါဒစသော မျက်ဖြေ လက်ာ ဘုရားရှင်၏ဒေသနာတော်တို့ကို (ဝါ) ဘုရားရှင်၏ အဆုံးအမတို့ကို အောက်မေ့ ဆင်ခြင်ပြီး မိမိကိုယ်ကို ဆုံးမ ပဲ့ပြင်၍လာခဲ့သော ယောဂီပုဂ္ဂိုလ်သည် မိမိခန္ဓာအစဉ်၌ ဖြစ် ပေါ်နေသော ဒေါသအာဃာတ ငြိမ်းလေပြီးသည်ဖြစ်၍ ချစ်သူ အလယ်အလတ်ဖြစ်သူတို့၌ မေတ္တာ ဘာဝနာကို ဖြစ်စေနိုင်သကဲ့သို့ ရန်သူ၌လည်း မေတ္တာဘာဝနာကို ဖြစ်စေနိုင်လေတော့၏။

ထို့နောက်မေတ္တာဘာဝနာကို အဖန်ဖန်တလဲလဲ ပွားများ လေ့လာသောယောဂီသည် မိမိကိုယ်၊ ချစ်သူ၊ အလယ်အလတ် ဖြစ်သူ၊ ရန်သူ ဤလေးယောက်သောသူတို့အပေါ်၌ အညီ အမျှ စိတ်ကိုထားနိုင်လေတော့သည်။

ဤကဲ့သို့ မည်သူ့အပေါ်မျှ အပိုအလိုမရှိ။ အညီအမျှ မေတ္တာစိတ်ထားနိုင်သည်ကို သီမသမ္ဘေဒပြုပြီးသူ(ဝါ)အပိုင်းအခြားကိုဖျက်ပြီးသူဟု ဆိုနိုင်လေတော့သည်။

## သီမသမ္ဘေဒဖြစ်–မဖြစ်

အထက်ကပြဆိုခဲ့ပြီးသော ချစ်သူ၊ ရန်သူ၊ အလယ်အလတ်ဖြစ်သူတို့နှင့် မိမိပါ တခုသောနေရာ၌ အတူတကွရှိနေကြသည် ဆိုကြပါစို့။

ထိုအခါခိုးသား၊ ဓားပြစသည်တို့က သင်တို့လေးယောက်တို့တွင် တယောက်ယောက်ကို ငါတို့အားပေးပါ။ ထိုသူ့ကို သတ်ပြီး လည်ချောင်းသွေးဖြင့် ဗလိနတ်စာ ပူဇော်လိုပါ သည်ဟုဆိုလျှင် အသင်ဘယ်သူ့ကို ပေးမည်နည်း။

မိမိနှင့်တကွ အဆိုပါလူလေးယောက်တို့တွင် ဘယ်သူ့ကို ယူပါဟု မဆိုကောင်း(ဝါ) မပေးကောင်း။ စိပ်ကပင် မကြံစည်အပ် မကြံစည်ကောင်း၊ ချစ်သူကိုယူပါ၊ သို့မဟုတ် ရန်သူကိုယူပါဟု နှုတ်ကမြွက်ဆိုလျှင်၊ သို့မဟုတ် စိတ်ကကြံစည်လျှင် သီမသမ္ဘေဒပျက်၏။

သို့မဟုတ် ငါ့ကိုယူပါဟုဆိုလျှင်၊ စိတ်ကကြံစည်လျှင် သီမသမ္ဘေဒပျက်၏။

အဘယ်ကြောင့်နည်း... မိမိနှင့်တကွ ကျန်လူသုံးယောက်တို့၏ အကျိုးစီးပွားမဲ့ကို ကြံစည်သည်မည်သောကြောင့်တည်း။

တနည်း မိမိနှင့်တကွ ကျန်လူသုံးယောက်တို့၏ အကျိုးစီးပွားကိုမငဲ့၊ ခိုးသားဓားပြတို့၏အကျိုးသာ ငဲ့သည်မည်သောကြောင့်တည်း။

ဖော်ပြပါ မိမိနှင့်တကွ ပိယ၊ မဇ္ဈတ္တ၊ ဝေရီ ဤလေးယောက်တို့တွင် ဘယ်သူ့အပေါ်မျှ ချစ်ခြင်းမေတ္တာ အပိုအလိုမရှိ၊ အညီအမျှဖြစ်၍ နေရမည်။ တယောက်ယောက်အပေါ် မညီမမျှဖြစ်ခဲ့လျှင် သိမသမ္ဘေဒပျက်၏။ ဘယ်သူ့ကိုမှမမုန်း၊ ဘယ်သူ့အပေါ်မှ ပို၍မချစ်ပဲ အညီအမျှဖြစ်မှသာလျှင် မေတ္တာစစ် မေတ္တာမှန် သိမသမ္ဘေဒဖြစ်သည်မည်၏။

ဤကဲ့သို့ သိမသမ္ဘေဒဖြစ်မှသာလျှင် ပုပ္ပရှရှမြင်သမျှသော သတ္တဝါအားလုံးသို့ အညီအမျှ မေတ္တာရေစင်ဖြင့် ဆွတ်ဖျန်းနိုင်လေတော့သည်။

ဤကဲ့သို့ ချစ်သူ၊ ရန်သူ၊ အလယ်အလတ်ဖြစ်သူ၊ မိမိ ဟူ၍ စိတ်ကိုတမျိုးစီမထား၊ အပိုင်းအခြား (သိမ်)ကို မပြု။ သိမသမ္ဘေဒပြုပြီးသူပုဂ္ဂိုလ်သည်သာ မေတ္တာဘာဝနာဖြင့် ကြီးမြတ်လွန်ကဲသူဟု ခေါ်ဆိုရလေတော့သတည်း။

(က) အတ္တနိ ဟိတမဇ္ဈတ္တေ၊ အဟိတေစ စတုဗ္ဗိဓေ။
ယဒါ ပဿတိ နာနတ္တံ၊ ဟိတာစိတ္တောဝ ပါဏိနံ။

(ခ) န နိကာမလာဘီ မေတ္တာယ၊ ကုသလီတိ ပဝုစ္စတိ။
ယဒါ စတဿော သီမာယော၊ သမ္ဘိန္နာ ဟောန္တိ ဘိက္ခုနော။

(ဂ) သမံ ဖရတိ မေတ္တာယ၊ သဗ္ဗလောကံ သဒေဝကံ။
မဟာကာရုဏိကော ပရိမေန၊ ယာသာ သီမာ နကာယတိ။

**အနက်။** ။အတ္တနိစ–မိမိ၌လည်းကောင်း။ ဟိတမဇ္ဈတ္တေစ–
အကျိုးစီးပွားတို့ အလိုရှိသော ပိယပုဂ္ဂိုလ် ၊ လျှစ်
လျူရှုအပ် မဇ္ဈတ် ပုဂ္ဂိုလ်တို့၌ လည်းကောင်း။
အဟိတေစ=ရန်သူပုဂ္ဂိုလ်၌ လည်းကောင်း။ ဣတိ–
ဤသို့။ စတုဗ္ဗိဓေ–လေးပါးအပြားရှိသော။ အညတြ
သ္မိံ–တယောက်ယောက်၌။ နာနတ္တံ၊ ပိယ မဇ္ဈ–
စသောအားဖြင့် ထူးခြားကွဲပြားသည်၏အဖြစ်ကို။
ယဒါ–အကြင်အခါ၌။ ပဿတိ–မြင်တွေ့ရသေး၏။
တဒါ=ထိုအခါ၌။ သော=ထိုပုဂ္ဂိုလ်ကို။ ပါဏိနံ–
သတ္တဝါတို့၏။ ဟိတစိတ္တော–အစီးအပွားကို လို
လားသောစိတ် ရှိသူဟူ၍သာလျှင်။ ပဝုစ္စတိ–
ဆိုအပ်လေတော့၏။ မေတ္တာယ–မေတ္တာ၌။ နိကာ
မလာဘီ–လိုတိုင်းရသောသူ ဟူ၍။ ကုသလီတိ=
အလွန်လိမ္မာခြင်းရှိသောသူဟူ၍။ နပဝုစ္စတိ–မဆို အပ်။

ယဒါ–အကြင်အခါ၌။ ယဿဘိက္ခုနော–အကြင်
ရဟန်းအား။ စတဿောသိမာယော=မိမိကိုယ် စသော
လေးခုသော အပိုင်းအခြားတို့သည်။ သမ္ဘိန္နာ–
ရောစပ်ကုန်သည်၊ ဝါ၊ ပျက်ကုန်သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ သဒေဝကံ၊ နတ်နှင့်တကွသော၊ သဗ္ဗ
လောကံ=အလုံးစုံသော သတ္တဝါအပေါင်းကို။
မေတ္တာယ=မေတ္တာရေစင်ဖြင့်။ သမံ = အညီအမျှ
ဖရတိ= ပြန့်နှံ့၏။ (ဝါ) ဖျန်း၏။ ယဿ ဘိက္ခုနော–
အကြင်ရဟန်းအား။ သိမာ–ပုဂ္ဂိုလ် အသီးသီးတို့၏

အပိုင်းအခြားကို။ နန္နာယတိ=မသိအပ်။ သောဘိက္ခု= ထိုရဟန်းသည်။ ပုရိမေန=မိမိ ကိုယ်စသည်ဖြင့် ထူးခြားစွာ ရှုမြင်တတ်သော ရှေးပုဂ္ဂိုလ်ထက်။ မဟာဝိသေသော = မေတ္တာ ဘာဝနာအားဖြင့် ထူးမြတ် လွန်ကဲသည်။ ဟောတိ= ဖြစ်၏။

အထက်ဖော်ပြပါအတိုင်း သိမသမ္ဘေဒကိုပြုပြီးသောပုဂ္ဂိုလ် သည် ဤသို့အပိုင်းအခြားပျက်၍ ကိုယ်နှင့်ထပ်တူ မေတ္တာမပွားနိုင်သောအခါမှ စ၍ ဤမေတ္တာကမ္မဋ္ဌာန်းကို အဖန်ဖန်တလဲလဲ စီးဖြန်းသည်ရှိသော် နိမိတ်ကိုလည်းကောင်း၊ ဥပစာရသမာဓိကိုလည်းကောင်း ရရှိနိုင် လေတော့၏။

## နိမိတ်ဆိုသည်မှာသုံးမျိုးရှိ၏။

၁။ **ပရိကမ္မနိမိတ်။** ။ ဆိုသည်မှာ ပထမ မိမိလေ့လာ ပွားများ အာရုံပြုသောဝတ္ထုကို ဆိုသည်။

ပကတိမျက်စိဖြင့် တိုက်ရိုက် ကြည့်ရမြင်ရသော အာရုံကိုပင် ပရိကမ္မနိမိတ်ဟုဆိုသည်။

ပထဝီကသိုဏ်းစသည်ကို စီးဖြန်းသောယောဂီ သည် မိမိပထမမျက်စိဖြင့် တိုက်ရိုက် မြင်ရကြည့်ရှု ရသော ပထဝီကသိုဏ်း အဝိုင်းအဝန်းသည်ပင် ပရိ ကမ္မနိမိတ် မည်၏။ ဤ မေတ္တာကမ္မဋ္ဌာန်းအရာ၌ ယခင်က သိမသမ္ဘေဒ ပြုခဲ့သော ပိယ၊ မဇ္ဈတ္တ၊ ဝေရီ၊ ပုဂ္ဂိုလ်တို့ကို မိမိမျက်စိဖြင့်

တိုက်ရိုက် မြင်တွေ့ လိုက်ရခြင်းသည်ပင် ပရိကမ္မနိမိတ်ဟု မှတ်ယူပါ။

၂။ **ဥဂ္ဂဟနိမိတ်။** ။ဆိုသည်မှာ မိမိပထမမြင်တွေ့ရသော ပရိကမ္မနိမိတ်အာရုံကို မနောဒွါရခေါ် စိတ်ထဲ၌ ထင်လာ မြင်လာခြင်း (ဝါ) ထင်လာမြင်လာအောင် ပွားများ ခြင်းကို ဆိုလိုသည်။

ယခင်က မိမိသိမသမ္ဘောဒပြုခဲ့သော ပိယ၊ မဇ္ဈတ္တ၊ ဝေရီ၊ ပုဂ္ဂိုလ်တို့ မိမိစိတ်ထဲ၌ ထင်လာမြင်လာ ခြင်းကို ဥဂ္ဂဟနိမိတ်မှတ်ပါ။

၃။ **ပဋိဘာဂနိမိတ်။** ။ ဆိုသည်မှာ ဥဂ္ဂဟနိမိတ်နှင့် အတူတူပင်ဖြစ်၏။

သို့ရာတွင် ဤပဋိဘာဂနိမိတ်၌ ဥဂ္ဂဟနိမိတ်မှာ ကဲ့သို့ ကြမ်းတမ်းခြင်းမရှိတော့ပဲ (ဝါ)မူလပကတိ အတိုင်း မဟုတ်တော့ပဲ ချောမွတ်သိမ်မွေ့နူးညံ့စွာ ထင်လာမြင်လာတော့၏။ ၎င်းကို **ပညတ်နိမိတ်** ဟုလည်းခေါ်၏။

ပညတ်နိမိတ်ဆိုသည်မှာ အကောင်အထည် တကယ် မရှိ။ မနောဒွါရခေါ် စိတ်ထဲမှာ ထင်လာမြင်လာသော အာရုံကိုဆိုသည်။

ထို့ကြောင့် . . . "ဝတ္ထုဓမ္မဝိမုစ္စိတ ပညတ္တိသင်္ခါတံ ဘာဝနာမယံ" စသည်ဖြင့် အဋ္ဌကထာ၌ မိန့်တော်မူသည်။

·ပခင်က သိမသမ္မောဒပြုခဲ့သော သတ္တဝါ ပညတ်ကိုပင် ယူရမည်။

ဤကဲ့သို့ ပဋိဘာဂပညတ်နိမိတ် ထင်လာမြင်လာလျှင် နီဝရဏတည်းဟူသော အနှောင့်အယှက်ဘေးရန် ကင်·ဝေးပြီးလျှင် ကာမာဝစရသမာဓိဟုဆိုအပ်သော ဥပစာရဘာဝနာနှင့်ပြည့်စုံလေတော့၏။

ဤကဲ့သို့ ပြည့်စုံလာလျှင် ထိုပဋိဘာဂနိမိတ်ကို အဖန်တလဲလဲ လေ့လာပွားများရသည်။ ဤသို့ ပွားများပါလျှင် မကြာမီ အပ္ပနာဟုဆိုအပ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပထမဈာန်ခန်းသို့ တက်လှမ်းရလေတော့၏။ ထိုမှတဆင့်တက်ကာ ဒုတိယဈာန်စသည်ကို အစဉ်အတိုင်း ရရှိနိုင်လေတော့သည်။

ဖော်ပြပါ ပထမဈာန်စသည်တို့ဖြင့် အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အထက်အရပ်၊ အောက်အရပ်၊ ဖီလာဖြစ်သော အရှေ့မြောက်၊ အရှေ့တောင်ထောင့်၊ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်အရပ်တို့ကို မေတ္တာရေစင်ပက်ဖြန်း၍ ဥပါဒ်မှသည် ဘင်တိုင်အောင်၊ မေတ္တာနှင့်တကွ ပြန့်ပြောသော မဟဂ္ဂုတ်အဖြစ်ဖြင့် အတိုင်းအရှည်မရှိ၊ သတ္တဝါလျှင် အာရုံရှိသော ဗျာပါဒဒေါသ စေတသိကဒုက္ခကင်းသော **"မေတ္တာစေတောဝိမုတ္တိ"**ဖြင့် နေလေတော့၏။

('မေတ္တာစေတောဝိမုတ္တိဖြင့် နေလေတော့၏' ဆိုသည်မှာ

မေတ္တာချာန်တည်းဟူသော ဗြဟ္မဝိဟာရလျှင် အာရုံရှိသော ဣရိယာပုက်ကို ဖြစ်စေခြင်းပင်တည်း။)

ဤကဲ့သို့ အရှေ့ အရပ်၊ အနောက်အရပ် စသည်တို့ကို မေတ္တာဖြင့် ဖြန့်နေခြင်းဆိုသည်မှာ (ဇဝံ သဗ္ဗဒိသာသု အသေ မဏ္ဍလေ အသေမိဝ မေတ္တာသဟဂတံ စိတ္တံ သာရေတိပိ ပစ္စာ သာရေတိပိ) နှင့်အညီ မြင်းရေးမြင်းဟန် စိမ်ခင်းကျင်း သာယာ သော မြင်းဝင်း (တလင်း)၌ နတ်မြင်းသိန္ဓဝကို ခေါက်တုံ့ ခေါက်ပြန် အဖန်ဖန်စိုင်းနှင်သကဲ့သို့ မေတ္တာနှင့်တကွဖြစ်သော (မေတ္တာ စေတောဝိမုတ္တိ) စိတ်သည်လည်း အရပ်ဆယ်မျက်နှာ တို့၌ ခေါက်တုံ့ ခေါက်ပြန် အဖန်ဖန်လျှင် မေတ္တာချာန်တည်းဟူသော သိန္ဓဝ နတ်မြင်းပျံသည် ပျံ့နှံ့စိုင်းနှင်ပြေးဝင်လေတော့၏။ ၎င်းကိုပင် ချာန်စိတ်ကွန့်မြူးစမ္ပါယ်ခြင်းကြောင့် ဝိကုဗ္ဗနာဟု ခေါ်၏။

ဤကား အရပ်ဆယ်မျက်နှာတို့တွင် အရပ်မျက်နှာ တခုစီ တခုစီ ပိုင်းခြားလျက် ဩဒိဿမေတ္တာဖြန့်ခြင်းကို ဆိုသည်။

ဤကဲ့သို့ အရပ်ဆယ်မျက်နှာတို့၌ အယုတ်အလတ်အမြတ် ရန်သူ မိတ်ဆွေ အလယ်အလတ်ဖြစ်သူ စသောသူတို့၌ မိမိကိုယ် နှင့် တသားတည်း တပြားတည်း တစပ်တည်းပြုခြင်းပင် ဖြစ်၏။

ဤသို့ပြုရာ၌ မိမိစိတ်ကို ကမ္မဋ္ဌာန်းအပြင်ဘက်သို့ မရောက် စေပဲ၊ (ဝါ)အာရုံတပါးသို့ စိတ်ကိုမသွားရောက်စေပဲ အဖန် တလဲလဲ စီးဖြန်းပွားများသည်ဖြစ်၍ အစဉ်အမြဲမေတ္တာစိတ်ဖြင့် မွှမ်းထုံနေခြင်း ကိုပင် "မေတ္တာစေတောဝိမုတ္တိဖြင့် နေ၏"ဟု ဆိုခြင်းဖြစ်သည်။

**မထီမဲ့မြင်မလုပ်ရ**

တစ်ယောက်နှင့်တစ်ယောက် မကောက်ကျစ်နှင့်၊ မစဉ်းလဲနှင့်၊ သူတစ်ပါးကို မနှိမ်ချနှင့်၊ မထီမဲ့မြင် မပြုနှင့်။

*(မေတ္တသုတ်)*

# မေတ္တာစေတောဝိမုတ္တိ

သတ္တဝါမှန်သမျှတို့ကို အညီအမျှ ချစ်ခင်တတ်သောကြောင့် **"မေတ္တာ"**မည်၏။ ထိုချစ်ခြင်းသဘောတရားကို စေ့ဆော်တတ်သောကြောင့် **"စေတော"**မည်၏။ ဒေါသဗျာပါဒထကြွခြင်းအားလုံးတို့မှ လွတ်မြောက်သောကြောင့် **"ဝိမုတ္တိ"** မည်၏။ မေတ္တာလည်းမည်၏။ စေတောလည်းမည်၏။ ဝိမုတ္တိလည်း မည်၏။ အားလုံးအတူတူပင်။ ထို့ကြောင့် "မေတ္တာစေတော ဝိမုတ္တိ"မည်၏။ မေတ္တာစေတောဝိမုတ္တိသည်

၁။ အခြင်းအရာငါးပါးတို့ဖြင့် အပိုင်းအခြားမရှိ ပျံ့နှံ့ သော မေတ္တာစေတောဝိမုတ္တိ (အနောဓိသ ၅ ပါး) တမျိုး၊

၂။ အခြင်းအရာခုနစ်ပါးတို့ဖြင့် အပိုင်းအခြားနှင့်တကွ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိ(ဩဒိသ ၇-ပါး) တမျိုး၊

၃။ အခြင်းအရာဆယ်ပါးတို့ဖြင့် အရပ်ဆယ်မျက်နှာတို့၌ ပျံ့နှံ့သော (ဒိသာဖရဏ) မေတ္တာစေတောဝိမုတ္တိ တမျိုးအားဖြင့် ၃ မျိုးဖြစ်၏။

## အခြင်းအရာငါးပါးတို့ဖြင့် အပိုင်းအခြားမရှိပျံ့နှံ့သော အနောဒိသ မေတ္တာစေတောဝိမုတ္တိ ၅-မျိုး

၁။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်၊ အဝေရာ-ဘေးရန်ကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း၊ အဗျာပဇ္ဇာ၊ ကြောင့်ကြ ဗျာပါဒကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း၊ သုခီ၊ ချမ်းသာစွာ၊ အတ္တာနံ၊ မိမိကိုယ်ကို၊ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

၂။ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ပါဏာ၊ ထွက်သက်ဝင်သက်ရှိသော သတ္တဝါတို့သည်၊ (နံပါတ် ၁-အတိုင်းဆိုပါ)

၃။ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဘူတာ၊ ကိုယ်ထင်ရှားရှိသော သတ္တဝါတို့သည်-

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်-

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ အတ္တဘာဝပရိယာပန္နာ၊ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့သည်၊ အဝေရာ၊ ဘေးရန်ကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ (ရှေ့အတိုင်းဆိုပါ)

ဤကား အနောဓိသ မေတ္တာစေတောဝိမုတ္တိ ၅-မျိုးတည်း။

## ယင်း ၅=မျိုးတို့၏ အဝယဝတ္ထ အဓိပ္ပာယ်

၁။ သတ္တာ = သတ္တဝါဆိုသည်မှာ (ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန သတ္တာ ဝိသတ္တာ တိသတ္တာ) ဟူသော ဝိသုဒ္ဓိ မဂ် ၃၀၃ နှင့်အညီ ရူပက္ခန္ဓာစသည်တို့၌ ဆန္ဒရာဂဖြင့်

ကပ်ငြိတွယ်တာတတ်သော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ကို သတ္တဝါဟုခေါ်၏။ ဆန္ဒရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ကား တင်စား၍ ခေါ်ဝေါ်သောအားဖြင့် သတ္တဝါမည်ကုန်၏။

၂။ ပါဏာနတာယ ပါဏာ၊ အဿာသပဿာသယတ္တဝုတ္တိတာယာတိ အတ္ထော- အရ ပါဏ- ဆိုသည်မှာ ထွက်သက်ဝင်သက်ရှိသော သတ္တဝါကိုမှုချအားဖြင့် ပါဏ ဟုခေါ်၏။ ထွက်လေ ဝင်လေမရှိသော ရူပဗြဟ္မာ- အရူပဗြဟ္မာစသော သတ္တဝါကား ရုဠ္ဍီ အားဖြင့်(ဝါ) တင်စားသောအားဖြင့် ပါဏ-မည်ကုန်၏။

၃။ (ဘူတ-ဆိုသည်မှာ၊ ဘူတတ္တာဘူတာ-သံဘူတတ္တာ အဘိနိဗ္ဗတ္တတ္တာ)နှင့်အညီ၊ ကံ-ကိလေသာတို့ကြောင့်ဖြစ်သော ခန္ဓာအားဖြင့် ထင်ရှားရှိသော သတ္တဝါတို့ သည်ဘူတ မည်၏။

၄။ ပုဂ္ဂလ-ပုဂ္ဂိုလ်ဆိုသည်မှာ ပုန္တိ ဝုစ္စတိ နိရယော။ တသ္မိံ ဂလန္တီတိပုဂ္ဂလာ-ဂစ္ဆန္တီတိ အတ္ထောနှင့်အညီ ငရဲ၌သွားလာလျှောကျ သက်ဆင်းတတ်သော (ဝါ) ငရဲသို့သွားလာ လျှောကျ သက်ဆင်းတတ်သော သတ္တဝါသည်ပုဂ္ဂလမည်ကုန်၏။

၅။ အတ္တဘော-ဆိုသည်မှာ (အတ္တဘာဝေါ ဝုစ္စတိ သရီရံ၊ ခန္ဓပဉ္စက မေ[illegible]ါ) စသည်နှင့်အညီ ရုပ်-ဝေဒနာ- သညာ-

သခ်ါရ– ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး အပေါင်းကို အတ္တတော–ဟု ခေါ်၏။ ဤ၌ ပရမတ္ထအားဖြင့် ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ တကယ် မရှိ ခေါ်စရာအမည်နာမပညတ် မျှသာရှိသည်၊ အမှန်ရှိ သည်မှာ ရုပ်နာမ်နှစ်ပါး၊ တနည်း ခန္ဓာငါးပါးသာဖြစ်၏။ သို့သော် ထိုပညတ်မျှဖြစ်သော ခန္ဓာပဥ္စက ခန္ဓာငါးပါး အတွင်း၌ ဝင်သော အတ္တဘောကိုပင် သရီရကိုယ် အတ္တဘာဝ= အတ္တဘော ဟု ဆိုသည်မှတ်ပါ။

## အပိုင်းအခြားဖြင့် အခြင်းအရာ ၇–ပါးတို့ဖြင့် ပွါးနှံ့သော (သြဒိဿ) မေတ္တာစေတောဝိမုတ္တိ

၁။ သဗ္ဗာဣတ္ထိယော– အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

သဗ္ဗာဣတ္ထိယော၊ မိန်းမအားလုံးတို့သည်၊ အဝေရာ၊ ဘေးရန် ကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန် သတည်း။ အဗျာပဇ္ဇာ၊ ကြောင့်ကြဗျာပါဒကင်းကုန် သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ ဆင်းရဲ ကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ သုခီ၊ ချမ်းသာစွာ၊ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။

၂။ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ၊ ပရိဟာရန္တု။
(သဗ္ဗေပုရိသာ...ယောကျ်ားအားလုံးတို့သည်...)

၃။ သဗ္ဗေအရိယာ အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ၊ ပရိဟာရန္တု။
(သဗ္ဗေအရိယာ...အရိယာအားလုံးတို့သည်...)

၄။ သဗ္ဗေအနရိယာ အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။
(သဗ္ဗေအနရိယာ...ပုထုဇဉ်ပုဂ္ဂိုလ် အားလုံးတို့ သည်...)

၅။ သဗ္ဗေဒေဝါ–အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။
(သဗ္ဗေဒေဝါ–နတ်ဗြဟ္မာအားလုံးတို့သည်...)

၆။ သဗ္ဗေမနုဿာ–အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။
(သဗ္ဗေမနုဿာ၊ လူပုဂ္ဂိုလ်အားလုံးတို့သည်)

၇။ သဗ္ဗေဝိနိပါတိကာ အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။
(သဗ္ဗေဝိနိပါတိကာ–ဝိနိပါတိက အသုရာအားလုံး တို့သည်)

ယခုပြဆိုခဲ့သော မေတ္တာစေတောဝိမုတ္တိ ၇-မျိုးမှာ မိန်းမ အားလုံးကိုရည်စူး၍လည်းကောင်း၊ ယောကျာ်းအားလုံးကို ရည်စူး ၍လည်းကောင်း၊ အရိယာအားလုံး၊ ပုထုဇဉ်အားလုံး ၊ နတ်ဗြဟ္မာ အားလုံး၊ လူပုဂ္ဂိုလ်အားလုံး၊ ဝိနိပါတိကအသုရာ အားလုံးတို့ကို တမျိုးစီတမျိုးစီ ရည်စူး၍ မေတ္တာပို့ရသော ကြောင့် ဩဒိသ မေတ္တာစေတောဝိမုတ္တိမည်၏။

## ဒိသာဖရဏမေတ္တာစေတောဝိမုတ္တိ

၁။ ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(ပုရတ္ထိမာယဒိသာယ-အရှေ့ အရပ်မျက်နှာ၌၊ သဗ္ဗေ သတ္တာ-သတ္တဝါအားလုံးတို့သည်၊ အဝေရာ၊ ဘေးရန် ကင်းကုန်သည်။ (ရှေးနည်းအတိုင်းဆိုရန်)

၂။ ပစ္ဆိမာယဒိသာယ-သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(ပစ္ဆိမာယဒိသာယ-အနောက်မျက်နှာအရပ်၌)

၃။ ဥတ္တရာယဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(ဥတ္တရာယဒိသာယ-မြောက်အရပ်မျက်နှာ၌ . . .)

၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

(ဒက္ခိဏာယဒိသာယ-တောင်အရပ်မျက်နှာ၌)

၅။ ပုရတ္ထိမာယ အနုဒိသာယ- သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

(ပုရတ္ထိမာယ အနုဒိသာယ-အရှေ့တောင်ထောင့် အရပ်၌)

၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

(ပစ္ဆိမာယ အနုဒိသာယ-အနောက်မြောက်ထောင့် အရပ်၌)

၇။ ဥတ္တရာယအနုဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

(ဥတ္တရာယအနုဒိသာယ-အရှေ့မြောက်ထောင့် အရပ်၌)

၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။

(ဒက္ခိဏာယ အနုဒိသာယ–အနောက်တောင်ထောင့် အရပ်၌)

၉။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(ဟေဋ္ဌိမာယ ဒိသာယ–အောက်အရပ်မျက်နှာ၌)

၁၀။ ဥပရိမာယဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(ဥပရိမာယဒိသာယ–အထက်အရပ်မျက်နှာ၌)

ဤကား အရပ်ဆယ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မေတ္တာရေစင် ပက်ဖြန်းခြင်းပင်ဖြစ်သည်။

ထို့အတူ...ပါဏ–ဘူတ–ပုဂ္ဂလ–အတ္တဘာဝ ပရိယာ. ပန္န... တို့ကိုလည်းကောင်း၊ ဣတ္ထိ–ပုရိသ–အရိယာ–အနရိယာ–ဒေဝါ မနုဿာ–ဝိနိပါတိကာတို့ကိုလည်းကောင်း အရပ်မျက်နှာ တခု စီ တခုစီခွဲ၍ မေတ္တာပို့ပါ။

ဥပမာ။ ။ ပုရတ္ထိမာယဒိသာယ သဗ္ဗေပါဏာ အဝေရာ ဟောန္တု စသည်...

ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု၊ စသည်ဖြင့် ဩဒိသ ၅–မျိုး၊ အနောဒိသ ၇–မျိုးစလုံး အရပ်မျက်နှာကိုဖြန့်၍

မေတ္တာပို့၊ မေတ္တာပွားပါ။ ၎င်းကို့အားလုံးပေါင်း လျှင် ၅၂၈–ဖြစ်၏။

## ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ

၁။ သဗ္ဗေသတ္တာ ၂။ သဗ္ဗေပါဏာ
၃။ သဗ္ဗေဘူတာ ၄။ သဗ္ဗေပုဂ္ဂလာ
၅။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာဟု ဆိုအပ်သော အနောဒိသ ၅–မျိုး။
၁။ သဗ္ဗာဣတ္ထိယော ၂။ သဗ္ဗေပုရိသာ
၃။ သဗ္ဗေအရိယာ ၄။ သဗ္ဗေအနရိယာ
၅။ သဗ္ဗေဒေဝါ ၆။ သဗ္ဗေမနုဿာ
၇။ သဗ္ဗေဝိနိပါတိကာဟု ဆိုအပ်သော ဩဒိသ ၇–မျိုး၊ ပေါင်းပုဂ္ဂိုလ် ၁၂=မျိုး။

## ယင်းပုဂ္ဂိုလ် ၁၂ မျိုးကို

၁။ အဝေရာဟောန္တု
၂။ အဗျာပဇ္ဇာဟောန္တု
၃။ အနီဃာဟောန္တု
၄။ သုခီအတ္တာနံ ပရိဟရန္တုဟု ဆိုအပ်သော န္တုလေးမျိုး နှင့်မြှောက်=၄၈ ဖြစ်၏။

ၚင်း၄၈ကို ဒသဒိသာဟုဆိုအပ်သော အရပ်၁၀-မျက်နှာ နှင့်မြှောက်က (မူလ-၄၈ ကိုပြန်ထည့်) ၅၂၈-သွယ် မေတ္တာဖြစ်၏။

"နောဒိသ်ပဥ္စတ်၊ ဩဒိသ်သတ်ဟု၊ ဒွါဒသ်ပုဂ္ဂလာ၊ များသတ္တာကို၊ အဝေရာစပြု၊ ၎င်းလေးခုဖြင့်၊ မြှောက်ပြု ပွားလစ်၊ လေးဆဲ့ ရှစ်တိ၊ တဆစ်ထိုမှ၊ ဒသဒိသာ၊ မျက်နှာဆယ်ရပ်၊ ပွားထပ်ပြန်က၊ ငါးရာ့နှစ်ဆယ်၊ ရှစ်စွန်း ကယ်သား၊ အကျယ် မေတ္တာ၊ ပွားခြင်းရာဖြင့်"

(မဃဒေဝလင်္ကာသစ်၊ နှာ-၃၄၁၊ ပိုဒ်ရေ ၄၄၀)

**မကျူးလွန်မိစေနှင့်**

ရဟန်းတို့၊ ပညာရှိတို့ ကဲ့ရဲ့စရာဆို၍ မည်မျှသေးငယ်သော ကိုယ်–နှုတ်–စိတ် ဒုစရိုက်မှုကလေးကိုသော်မျှ မကျူးလွန်မိကြစေနှင့်။”

(မေတ္တသုတ်)

# ဒိဋ္ဌိ အနုပဿနာ

ဤ၌ အထူး သတိပြုရန်မှာ၊ ဒိဋ္ဌိ အနုပဿနာ ဟူသော မေတ္တာသုတ်လာ ဂါထာအရ ဤမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသော ယောဂီသည် သတ္တဝါပညတ်ကို အာရုံပြု၍ ပွားများရသဖြင့် သတ္တဝါဟု မှတ်ထင်မြင်လာပြီး သတ္တဒိဋ္ဌိ (ဝါ)သက္ကာယဒိဋ္ဌိဘက်သို့ ယိမ်းယိုင်၍သွားတတ်ပါသည်။

သက္ကာယဒိဋ္ဌိဆိုသည်မှာ ငါ သူတပါး ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟု စွဲလမ်းသည်ကိုဆိုသည်။ ထိုအယူအစွဲ မကပ် ရောက်စေပဲ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆို သည်မှာ ခေါ်စရာအမည်ပညတ်မျှသာဖြစ်၏၊ အမှန်တကယ် မရှိ။ အမှန်ရှိသည်မှာ အချမ်းအပူ စသည်တို့ကြောင့် ဖောက်ပြန်တတ်သော ရုပ်တရား၊ သိတတ်သော နာမ်တရားဟု ဆိုအပ်သော ရုပ်နာမ်နှစ်ပါး သာရှိ၏။ ပုပုဂ္ဂလ မြင်မြင်သမျှ ပုဂ္ဂိုလ်သတ္တဝါတို့မှာ ရုပ်နာမ်နှစ်ပါးသာ

ရှိ၏။ ပုပုဂ္ဂုလ္လ မြင်မြင်သမျှ ပုဂ္ဂိုလ်သတ္တဝါတို့မှာ ရုပ်နာမ်နှစ်ပါးကလွဲ၍ ပရမတ္ထစစ်စစ် အနှစ်အဖတ်ရှာမရ၊ ဖောက်ပြန် ပျက်ယွင်းတတ်သော တရား များသာဖြစ်၏ ဟုသိပါလျှင် အဆိုပါ သက္ကာယဒိဋ္ဌိကွာလျော ပြတ်ကြွေ၍သွားပါလိမ့်မည်။

တနည်းမှာ ဤခန္ဓာကိုယ်၌ ငါကောင်-သူကောင်-သတ္တဝါ ကောင်-ဟု ထင်မှတ်စွဲလမ်းနေလျှင် ငါ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့် နှုတ်ကမြွက်၍မဆိုသော်လည်း သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပင်တည်း။ ဤခန္ဓာကိုယ်သည် ရုပ်နာမ်ခန္ဓာ အာယတန ဓာတ် သစ္စာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘာဝမျှတရားအစုမျှ သာဖြစ်သည်-ဟု သိမြင်၍နေပါမူ ငါ သူတပါး ယောကျ်ား, မိန်းမစသည်ဖြင့် နှုတ်မြွက်၍ ဆိုသော်လည်း သက္ကာယဒိဋ္ဌိမဖြစ်၊ အကြောင်းမှာ အတ္တအားဖြင့် စွဲလမ်းမှုဒိဋ္ဌိမရှိပဲ သမ္မုတိသစ္စာ အားဖြင့်သာ နှုတ်မြွက်၍ ခေါ်ဝေါ် သုံးစွဲခြင်းမျှသာဖြစ်၏။

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

သော=ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဉ္စ၊ အမြင်ဖောက်ပြန် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဉာဏ်သို့လည်း၊ အနုပဂ္ဂမ္မ-မကပ်ရောက်မူ၍၊ သီလဝါ၊ ခရုသင်းပွတ်သစ်၊ ပုလဲနှစ်သဖွယ်၊ စင်ကြယ်စွာဘိ၊ ကောင်း မြတ်သော

လောကုတ္တရာသီလရှိသည်ဖြစ်၍၊ ဒဿနေန၊ မဖောက် မပြန် သိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်နှင့်၊ သမ္ပန္နော၊ ပြည့်စုံလျက် (ဝါ) ပြည့်စုံသည်ဖြစ်၍၊ ကာမေသု၊ ဝတ္ထုကာမတို့၌၊ ဂေဓံ–ကာမစ္ဆန္ဒ တည်း ဟူသော ကိလေသာကာမဖြင့် တောင့်တ, တွယ်တာခြင်းကို၊ ဝိနယ–ပယ်ဖျောက်၍၊ ဇာတု၊ မလွဲဧကန် အမှန်စင်စစ်၊ ပုန၊ နောက်ထပ်တဖန်၊ ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေခြင်းသို့၊ နဧတိ၊ မရောက်နိုင်သည် သာတည်း။ ...

**အဓိပ္ပာယ်ကား...**

ထိုမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီသည် သတ္တဝါအကောင်အထင်အရှားရှိသည်ဟု ယူသော အယူကိုလည်းမယူပဲ ခရသင်းပွတ်သစ်စနှင့် မခြား အလားတူစွာ ဖြူစင်ကောင်းမြတ်သော သီလနှင့် ပြည့်စုံလျက် ငါးပါးအာရုံ ကာမဂုဏ်တို့၌ ကာမစ္ဆန္ဒ တည်းဟူသော ကိလေသာကာမဖြင့် တောင့်တ မက်မော တွယ်တာခြင်းသဘောကို ပယ်ဖျောက် ပြီးလျှင် အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရခြင်း တည်းဟူသော ဇာတိဒုက္ခသို့ မရောက်နိုင် မရနိုင်တော့ပြီ–ဟု ဆိုလိုသည်။

ဤကား "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ"အရ သိမှတ်ဖွယ်ရာဖြစ်ပါသည်။

## သီလဝါအရ
## သီလအကြောင်း သိကောင်းစရာ

သီလဆိုသည်မှာ မကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာတို့ မဖြစ်ပေါ်ရလေအောင် ကိုယ်မှု နှုတ်မှုတို့ကို ကောင်းစွာ စောင့်ရှောက်သော သဘောကို ဆိုသည်။ ဤသို့ ကိုယ်မှု နှုတ်မှုတို့ကို စောင့်ရှောက်သဖြင့် ကာယကံမြောက်၊ ဝစီကံမြောက်ကျူးလွန် တတ်သော (ဝါ)ကိုယ်ထိလက်ရောက် ကျူးလွန်တတ်သော ဝီတိက္ကမ ကိလေသာ (ဝါ)ကိလေသာ အကြမ်းစားကိုပယ်သည်။

ဤ၌ သိက္ခာပုဒ်ကိုဆောက်တည်၍မထားပဲ လွန်ကျူးဖွယ် အာရုံနှင့်တွေ့မှ ရှောင်ကြဉ်သော **သမ္ပတ္တဝိရတီ။**

သိက္ခာပုဒ်ကိုဆောက်တည်၍ ရှောင်ကြဉ်သော **သမာဒါန ဝိရတီ။**

ဒုစရိုက် ဒုရာဇီဝတို့ကို အရိယာမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖြတ် သော လောကုတ္တရာသမုစ္ဆေဒဝိရတီအားဖြင့် မိမိသီလကို မကျိုး မပေါက်၊ မပြောက်မကျားစေပဲ ကောင်းစွာစောင့်ရှောက် ထိန်းသိမ်း သည်ကို **သီလဝါ**ဟုဆိုသည်။

အကြင်သီလသည် လာဘ်အခြံအရံ၊ အဆွေအမျိုး၊ အင်္ဂါ ကြီးငယ်၊ အသက်ဟူသောအကြောင်းတို့ကြောင့် ပျက်စီးခြင်း မရှိ တကယ်မေ့လျော့ခြင်းကြောင့် ပျက်စီးသော်လည်း ကုစားခြင်းကို ပြုအပ်ကုန်၏။ (ဝါ)ကုစား၍ရကုန်၏။

အမျက်ထွက်ခြင်း= ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း= ဥပနာဟစသော အယုတ်တရားတို့သည် မနှိပ်စက် မဖျက်ဆီးအပ်ကုန်။ ထိုသီလသည်...

၁။ အဝတ်အနားပြတ်သကဲ့သို့ အစအဆုံးတို့၌ မကျိုးမပျက်သော-အခဏ္ဍသီလ။

၂။ အဝတ်ပုဆိုးအလယ်၌ ပေါက်သကဲ့သို့ အလယ်၌ လည်း မပေါက်မပျက်သော အဆိဒ္ဒသီလ။

၃။ နွားကြောင်-နွား-ကျားကဲ့သို့ အကြားအကွက် မရှိ။ အစဉ်အတိုင်း သိက္ခာပုဒ် ၂-ပါး ၃-ပါးဆက်၍ မပျက်သော အသဗလသီလ။

၄။ ဝါစိပြောက်နွားကဲ့သို့ ကြိုးကြားကြိုးကြားတို့၌ သိက္ခာပုဒ် မပျက်သော အကမ္မာသသီလတို့ ဖြစ်ကုန်၏။ ပြဆိုခဲ့ပြီးသော အခဏ္ဍ၊ အဆိဒ္ဒ၊ အသဗလ၊ အကမ္မာသ သီလတို့သည်ပင်

၅။ လောကီစည်းစိမ်ကို မတောင့်တပဲ မဂ်ဖိုလ်ကိုသာ တောင့်တ၍ကျင့်သည်ဖြစ်၍ တဏှာတည်းဟူသော အရှင်သခင်၏ ကျွန်အဖြစ်မှလွတ်စေသဖြင့် တော်လှန်သည်မည်သော ဘုဇိဿသီလ။

၆။ ဘုရားအစရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်သောကြောင့် ဝိညုပ္ပသတ္ထသီလ။

၇။ တဏှာဒိဋ္ဌိတို့သည် မသုံးသပ် မဖျက်ဆီးအပ်သော ကြောင့် အုပရာမဠ္ဌသီလ။

၈။ ဥပစာရသမာဓိ-အပ္ပနာသမာဓိကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သောကြောင့် သမာဓိသံဝတ္တနိကတို့ မည်ကုန်၏။

ဤပြဆိုခဲ့ပြီးသောအင်္ဂါတို့နှင့် ပြည့်စုံ၍ ကိလေသာတည်း ဟူသော အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သော သီလရှိရမည်။ အာသဝေါတရားလေးပါးတို့၏ အာရုံမဟုတ်သော ဖြူစင်သန့်ရှင်းသော လောကုတ္တရာသီလအထိ ပြည့်စုံရမည်ဟု ဆိုလိုသည်။

**ဒဿနေန သမ္ပန္နော**ဆိုသည်မှာ သစ္စာလေးပါးကို ရှေးဦးစွာ မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်ကို ဤ၌ ဒဿနဟု ခေါ်သည်၊ အဆိုပါ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံစေရမည်။

သို့မှသာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အနုပါဒိသေသမဟာပရိနိဗ္ဗာန်သို့ စံဝင်ရပေမည်။

**ကာမေသု ဝိနေယျ ဂေဓံ** အရ ငါးပါးအာရုံ ကာမဂုဏ်တို့၌ သာယာမက်မောငွယ်တာခြင်း သဘောကို သကဒါဂါမိမဂ်-အနာဂါမိမဂ်-တို့ဖြင့် ပယ်ခွာစွန့်ပစ်ရမည့်အဖြစ်ကို ပြတော်မူသည်။

**နဟိဇာတုဂ္ဂဗ္ဘသေယျံ ပုနရေတိ**- ဟူသောပါဌ်အရ ငါးပါး အာရုံကာမဂုဏ်တို့၌ တွယ်တာနှစ်သက် မက်မောခြင်းကို ပယ်ဖျောက် နိုင်ခဲ့ပါလျှင် နောင်ကာစ်ဖန်အမိဝမ်းတွင်း၌ ပဋိသန္ဓေ မနေရတော့မည့် အကြောင်းကို ဟောတော်မူသည်။

## ချမ်းသာလေစွတကား

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။ ။

အသောကံ=စိုးရိမ်ကြောင့်ကြ စိတ်သောကလည်း မရှိထသော။ ဝိရဇံ=ရာဂ, စသည် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ရာလည်း ဖြစ်ထသော။ ခေမံ=ဘေးရန်ခပ်သိမ်းတို့မှ ကင်းငြိမ်းရာလည်းဖြစ်ထသော။ သမ္မာသမ္ဗုဒ္ဓဒေသိတံ=မြတ်စွာဘုရားသည် ဟောကြားညွှန်ပြ ဆိုဆုံးမ, တော်မူ အပ်ထသော။ နိဗ္ဗာနံ–နိဗ္ဗာန်တရားတော်မြတ်သည်။ သုသုခံဝတ=ချမ်းသာတကာ တို့ထက် သာလွန်၍ ချမ်းသာပေစွတကား။ ယတ္ထ=အကြင်နိဗ္ဗာန် တရားတော်မြတ်၌။ ဒုက္ခံ–ဆင်းရဲဒုက္ခ ဟူသမျှသည်။ နိရုဇ္ဈတိ–အကုန်ငြိမ်း၍ ဇာတ်သိမ်းချုပ်ပျောက် လေပေ့သတည်း။

ကိင္ဓ စရံ နိသိန္နောဝ၊ ဌာယာနော ယာဝတာ'ဿ ဝိဟာမိဒ္ဓေါ။
ဧတံသတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိမမာဟု။ ။

တိဋ္ဌံဝါ=ရပ်သော်လည်းကောင်း။ စရံဝါ=သွားသော်လည်းကောင်း။ နိသိန္နောဝါ= ထိုင်သော် လည်းကောင်း။ သယာနောဝါ- လျောင်းသော်လည်းကောင်း။ ယာဝတာ=အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိဟာမိဒ္ဓေါ=ငိုက်မျဉ်း အိပ်ချင်ခြင်းကင်းသည်။ အဿ=ဖြစ်ရာ၏။ တာဝတာ–ထိုမျှလောက်သောကာလပတ်လုံး။ ဧတံသတိံ=ထိုမေတ္တာနှင့် ယှဉ်သောသတိကို။

အဓိဋ္ဌေယျ= အမြဲမကွာ ဆောက်တည်ရာ၏။ တော်ဝိဟာရံ= ထိုမေတ္တာဖြင့် မကင်းသော သတိဖြင့်နေခြင်းကို။ ဗြဟ္မံ-အလွန်ထူးမြတ် ချီးမွမ်းအပ်သော။ ဝိဟာရံ=နေခြင်းဟူ၍။ ဣဓ=ဤသာသနာတော်၌။ ဗုဒ္ဓါ=မြတ်စွာ ဘုရားတို့သည်။ အာဟု-ဟောတော်မူပြီ။

# နောက်ဆက်တွဲ

## ပလိဗောဓအကြောင်းသိကောင်းစရာ

“သမာဓိဘာဝနာယ အနနုရူပံ ဝိဟာရံ ပဟာယ” စသည်နှင့် အညီ ကမ္မဋ္ဌာန်း ၄၀-တို့တွင် မည်သည့် ကမ္မဋ္ဌာန်းကိုမဆို အား ထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် ရှောင်ကြဉ်အပ်သော ပလိ ဗောဓကြီး ၁၀-မျိုးကို ဖော်ပြဦးအံ့။

အာဝါသောစ ကုလံလာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေဒသ။ ။

၁။ အာဝါသောစ-သမထဝိပဿနာဆုတ်ယုတ်ကြောင်း ဖြစ်သော တဆယ့် ရှစ်ရပ် အပြစ်နှင့်စပ်သော ကျောင်း လည်းကောင်း...

၂။ ကုလံ-သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ် သော အလုပ်အကျွေး အဆွေအမျိုး စသည် လည်းကောင်း...

၃။ လာဘော-သမထ ဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ် သော လာဘ်လာဘလည်းကောင်း...

၄။ ဂဏော=သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ်သော အပေါင်းအဖော်လည်းကောင်း...

၅။ ပဋ္ဋမံ -ငါးခုမြောက်ဖြစ်သော၊ ကမ္ဗဋ္ဌ၊ သမထ ဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ်သော အမှုကြီးငယ် လည်းကောင်း...

၆။ အဒ္ဓါနံ=သမထဝိပဿနာ ဆုတ်ယုတ်ကြောင်းဖြစ်သော ခရီးသွားခြင်းလည်းကောင်း...

၇။ ဉာတိ-သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ်သော သာသနာ့အမျိုးအဆွေ၊ အိမ်အမျိုးအဆွေလည်းကောင်း...

၈။ အာဗာဓော=သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ် သော အနာရောဂါကို ငဲ့ကွက်၍နေခြင်း လည်းကောင်း...

၉။ ဂန္ထော-သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ် သော စာပေကျမ်းဂန် သင်အံဆောင်ရွက် ကျက်မှတ် ကြည့်ရှု ကျမ်းပြု ကြံစည်၍နေခြင်း လည်းကောင်း...

၁၀။ ဣဒ္ဓိ =သမထဝိပဿနာ ဆုတ်ယုတ်ကြောင်း ဖြစ်သော ဈာန်အဘိညာဏ်တန်ခိုးနှင့် နေခြင်းလည်းကောင်း၊ ဣတိ-

ဤသို့၊ တေပလိဗောဓာ-ဈာန်မဂ် ရရန်မဟုတ်၊ သမထ ဝိပဿနာဆုတ်ယုတ်ကြောင်း ဖြစ်သော ထိုအနှောင့် အယှက် ပလိဗောဓကြီးတို့ သည်။ ၁၁-၁၀-ပါးတို့တည်း။

(ဝိသုဒ္ဓိမဂ် စာမျက်နှာ ၈၆)

## သမထတရား အားထုတ်ရန်မလျော်သော ကျောင်းမျိုး။

၁။ နာနာသဘ္ဘဝိဝါဒ=အလိုမတူကြပဲ၊ အငြင်းအခုံ များသော (မဟာဝိဟာရ) ကျောင်းတိုက်ကြီး။

၂။ ဗဟုနဝကမ္မ-ခေါ် အမှုသစ်များသော (ဝါ) အလုပ် များသော (နဝဝိဟာရ)ကျောင်းသစ်၊ အသစ်ဆောက် လုပ်သောကျောင်း။

၃။ ပျက်စီးယိုယွင်းလျက်ရှိသော (ဇိဏ္ဏဝိဟာရ) ကျောင်း အို။

၄။ လမ်းခရီးနီးလွန်းသော(ပန္ထနိဿိတ)ကျောင်း။

၅။ လူစုံ လာရောက်ကြည့်ရှုလျက် ချီးမွမ်းခံရသော ကျောင်း။

၆။ ရဟန်းရှင်လူ ရေပြွမ်းစုဆိုင် ထုံးအိုင် ရေကန် ရေ တွင်းနီးသော ကျောင်း။

၇။ ပန်းပွင့် ပန်းတောနီးသော ကျောင်း။

၈။ သစ်သီးဝလံပေါသောကျောင်း။

၉။ လယ်တော ယာတော နီးသောကျောင်း။

၁၀။ ဟင်းရွက်ဟင်းသီးတော နီးသောကျောင်း။

၁၁။ မြို့နှင့်နီးသောကျောင်း။

၁၂။ ထင်းတောနီးသောကျောင်း။

၁၃။ ညှော်သည်လာအိပ် ကုန်းဆိပ်ရေဆိပ်နီးသောကျောင်း။

၁၄။ ဝိသဘာဂ (အလိုမတူ) ရန်သူ ရဟန်းရှိသောကျောင်း။

၁၅။ မင်းဘေးနီးစပ် တိုင်းကြပ်ရွာကိုမှီသောကျောင်း။

၁၆။ သဒ္ဒါနည်းပါး တိုင်းစွန်ပြည်နားရွာကို မှီသောကျောင်း။

၁၇။ မာတုဂါမဘေး၊ ဘီလူးဘေး၊ သစ်ကျားဘေး စသည်များသောကျောင်း။

၁၈။ သီလ–သမာဓိ–ပညာ–သမထ–ဝိပဿနာ ပြည့်စုံအောင် ဆုံးမနိုင်သောဆရာမှ ကင်းသောကျောင်း (အားလုံးပေါင်း ၁၈–ကျောင်း)

ဆောင်။ ။ကြီး, သစ်, အို, လမ်း၊ ချိုးမွမ်း, ထုံး, ပွင့်၊ သီးနှင့်
လယ်–ဟင်း၊ မြို့, ထင်း, ဆိပ်, ရန်၊ ကြပ်, စွန်,
ဘေး, ကင်း၊ ၁၈–သင်း ၊ရှောင်ကွင်း ဝေးဝေးခွာ။
(ဝိသုဒ္ဓိမဂ် ၁၁၅ မှ ၁၁၈)

**အာရကာပရိဝဇ္ဇေယျ** အရ အထက်ပါ ၁၈–မျိုးသော ကျောင်းတို့ကို အေးရန်ရှိသောလမ်းခရီးကဲ့သို့ ဝေးစွာ ရှောင်ကြဥ်ရမည်။

## သပ္ပါယ ၇–မျိုး

အာဝါသော ဂေါစရောဘဿံ၊
ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊
သပ္ပါယေ သေဝ ပဏ္ဍိတော။

၁။ အာဝါသော–သမထ ဝိပဿနာ တိုးပွားကြောင်း အင်္ဂါ ၊ပါးနှင့် ပြည့်စုံသောကျောင်း။

၂။ ဂေါစရော=သမထဝိပဿနာတိုးပွားကြောင်း ဆွမ်းခံရွာ။

၃။ ဘဿံ=သမထဝိပဿနာတိုးပွားကြောင်း ကထာဝတ္ထု ၁၀–ပါး။

၄။ ပုဂ္ဂလော–သမထ ဝိပဿနာတိုးပွားကြောင်း ကထာဝတ္ထု ၁၀–ပါးကို ပြောတတ်သော ပုဂ္ဂိုလ်။

၅။ ဘောဇနံ–သမထဝိပဿနာတိုးပွားကြောင်းဘောဇဉ်။

၆။ ဥတု=သမထဝိပဿနာတိုးပွားကြောင်းဥတု။

၇။ ဣရိယာပထော=သမထဝိပဿနာတိုးပွားကြောင်း ဣရိယာပုထ်။ ဣတိ=ဤသို့။ သတ္တ=၇ ပါးကုန်သော။

ဧတေသပ္ပါယေ= ထိုစျာန်မဂ် ဖိုလ်ရကြောင်း ဖြစ်သော သမထ ဝိပဿနာအား လျောက်ပတ်သော သပ္ပါယတို့ကို။ ပဏ္ဍိတော=သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ဘိ ပညာရှိသည်။ သေဝ၊ အမတနိဗ္ဗာန ဘေးဘယကင်းဝေး အမြိုက်ဆေးကို ရအောင်မှီဝဲရာ၏၊ (ဝါ)မှီဝဲလေလော့။

## အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်း

**ဆောင်ပုဒ်။** ။ ဆွမ်းခံရွာကျေး၊ မဝေးနီးမော၊ မရောလူရှင်၊ မက်ခြင်မြေနည်း၊ ပစ္စည်းမိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေကျောင်းအင်္ဂါ။

(ပစ္စည်းကား= မပေါလွန်း မရှားလွန်းသော ပစ္စည်း တည်း)

### ကထာဝတ္ထု ၁၀ ပါး

၁။ ပစ္စည်းအာရုံ ကာမဂုဏ် ငါးပါး၌ အလိုနည်းခြင်းနှင့် စပ်သောစကား၊

၂။ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်းနှင့်စပ်သောစကား၊

၃။ ကာယဝိဝေက စသော ဆိပ်ငြိမ်ခြင်းနှင့် စပ်သော စကား၊

၄။ ကာမဂုဏ်နှင့် မရောမယှက် (ဒသသနသံသဂ္ဂ) စသည် ကင်းသောစကား၊

၅။ တရားအားထုတ်ခြင်းနှင့်စပ်သောစကား ၊

၆။ သီလနှင့်စပ်သောစကား ၊

၇။ သမာဓိနှင့်စပ်သောစကား ၊

၈။ ဘာဝနာပညာနှင့်စပ်သောစကား ၊

၉။ ဖိုလ်ပညာနှင့်စပ်သောစကား ၊

၁၀။ ပစ္စဝေက္ခဏာဉာဏ်ပညာနှင့်စပ်သောစကား ၊

(ပေါင်း ၁၀-ပါးတည်း)

**ဆောင်ပုဒ်။** ။ နည်း- ရဲ-ဆိပ်-ကင်း၊ ထုတ်ခြင်း-သီ-မာ၊ တိပညာ၊ ကထာဆယ်ဝတ္ထု၊

(နံပါ ၈-၉-၁၀ ၎င်းသုံးမျိုးကို တိပညာဟုယူပါ)

## ကလျာဏမိတ္တအင်္ဂါ

ပိယောဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။

ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နောစဋ္ဌာနေ နိယောဇယေ။

ပိယော = သီလရှိသည်ဖြစ်၍ ချစ်ခင်အပ်သည်၊ ဂရု= ကျောက်ထီးတန္တုအလေးပြုအပ်သည်၊ ဘာဝနီယော၊ ချီးမွမ်းထိုက်သည်၊ ဝတ္တာစ- ကဲ့ရဲ့ ပြစ်တင် ဆိုဆုံးမ, တတ်သည်၊ဝစနက္ခမော၊ ကဲ့ရဲ့ပြစ်တင် ဆိုဆုံးမသည်ရှိသော် မရွံ့ မစောင်း ကောင်းကောင်း သည်းခံနိုင်သည်၊ ဂမ္ဘီရဉ္စကထံ၊ သုတ၊ပညာ ပြည့်စုံစွာဖြင့် သစ္စာ,ပဋိစ္စသမုပ္ပါဒ် စသည်နှင့်စပ်သော နက်နဲသောတရားစကားကို၊

ကတ္တာ၊ ပြောဟောတတ်သည်၊ အဋ္ဌာနေ၊ အစီးအပွားမရှိသည့်၌၊ နော စနိယောဇယေ၊ သဒ္ဓါ စာဂ ဝီရိယ ခိတိ သတိ ပညာတို့နှင့် ပြည့်စုံသည်ဖြစ်၍ မယှဉ်စေတတ်၊ ဉာတိ၊ ဉာဏ်သို့၊ ဉာမေဓမ္မာ၊ ဉာတရားတို့သည်။ ပိယဘာဝါဒိကာရကာ၊ ပိယဘာဝစသော ကလျာဏမိတ္တအင်္ဂါကို ပြုတတ်ကုန်၏။

**တနည်း။** ။ သဒ္ဓါသီလံ သုတံစာဂေါ၊ သတိပညာသမာဓိစ။
ဝီရိယန္တိ အဋ္ဌဓမ္မာ၊ ပိယဘာဝါဒိကာရကာ။

သဒ္ဓါ၊ တထာဂတဗောဓိနှင့် ကမ္မဖလကို ယုံကြည်ခြင်း သဒ္ဓါတရား။ သီလံ၊ ပိယောဂရုဘာဝနီယောစသော ဂုဏ်တို့၏ အကြောင်း စတုပါရိသုဒ္ဓိသီလ။ သုတံ၊ များသောအကြား အမြင်။ စာဂေါ၊ စွန့်ကြဲ ပေးကမ်းတတ်ခြင်း။ သတိ၊ ကုသိုလ် အကုသိုလ်တရားတို့၏ အလားအနေကို ရှာဖွေအောက်မေ့ခြင်း သတိ။ ပညာ၊ မဖောက်မပြန် အမှန်ကိုသိသောပညာ။ သမာဓိစ၊ တည်ကြည်ခြင်း။ ဝီရိယံ၊ မိမိ သူတပါးနှစ်ဦးသားတို့၏ ကြီးပွားကြောင်း၌အားထုတ်ခြင်း။ ဉာတိဉာမေအဋ္ဌဓမ္မာ၊ ဉာဏ်ရှစ်ပါး ကုန်သော တရားတို့သည်။ ပိယဘာဝါဒိကာရကာ၊ ပိယဘာဝ ဂုဏ်စသော ကလျာဏမိတ္တအင်္ဂါကို ပြုတတ်ကုန်၏။

## ကမ္မဋ္ဌာန်းယောဂီ၏အင်္ဂါ

ပဉ္စပ္ပဓာနိယင်္ဂါနိ၊ သဒ္ဓါစေဝရောဂိတာ။
အသာဌေယျဉ္စ အာရမ္ဘော၊ ပညာစ ဥဒယတ္တဂါ။

သဒ္ဓါစေဝ၊ ယုံကြည်တတ်သောသဒ္ဓါတရား။ အရောဂိတာစ၊ ခန္ဓာကိုယ် ကျန်းမာ၍ အနာကင်းခြင်း။ အသာဌေယျဉ္စ၊ မကောက်ကျစ် မစဉ်းလဲခြင်း။ အာရဒ္ဓဝီရိယတာစ၊ လုံ့လကြိုးကုတ် အားထုတ်ခြင်း။ ဥဒယတ္ထဂါ၊ ရုပ်နာမ် နှစ်ပါးတို့၏ ဖြစ်မှု ပျက်မှုတို့ကို အမှီလိုက် စွမ်းနိုင်သော (ဝါ) ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိနိုင်စွမ်းသော၊ ပညာစ၊ ထက်မြက် လျင်မြန် အမြင် မှန်သောဉာဏ်။ ဣတိ၊ ဤသို့။ ပဓာနိယင်္ဂါနိ၊ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ၏ အင်္ဂါတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။

## အို-ပညာရှိယောဂီ

နာဟံ ဒါသော ဘဋော တုယှံ၊
နာဟံ ပေါသာမိ ဒါနိ တံ။
တွမေဝ ပေါသေဿာ ဒုက္ခံ၊
ပဏ္ဍာ ဝဋ္ဋေ အနပ္ပကံ။

ပဏ္ဍိတ၊ အို ... ပညာရှိယောဂီ။ အဟံ၊ ငါသည်။ တုယှံ၊ သင် ခန္ဓာကိုယ်ယုတ် အကောင်ပုပ်၏။ နဒါသော၊ ကျေးကျွန်မဟုတ်။ နဘဋော၊ စာရင်းငှား သူခ, စားလည်းမဟုတ်။ ဣဒါနိ၊ ယထာ ဘူတ သင်၏အကြောင်းကိုလည်း ကောင်းကောင်းကြီးသိရသော ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ နပေါသာမိ၊ မလုပ်ကျွေး မမွေးမြူတော့အံ့။ တွံဧဝ၊ သင့်ခန္ဓာကိုယ် အကောင်ပုပ်ကိုသာလျှင်။ ပေါသေဿာ၊ လုပ်ကျွေးမွေးမြူ ရသည်ဖြစ်၍။ ဝဋ္ဋေ၊ သံသရာ ဝဋ်ဆင်းရဲ သြဃထဲ၌။ အနပ္ပကံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခ

ဟူသမျှသို့။ ပဌွော၊ အပြန်ပြန်အလှန်လှန် အဖန်ဖန် အခေါက်ခေါက် ရောက်ခဲ့ရ လေပြီ။

နတ္တေ၀ သုပိတုံ ဟောတိ၊
ရတ္တိံ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိ တုမေဝေသော၊
ရတ္တိံ ဟောတိ ဝိဇာနတံ။

နက္ခတ္တမာလိနီ–နက္ခတ်ပန်းတို့ဖြင့် အလွန်တရာ ဆန်းကြယ် လှစွာသော။ ရတ္တိံ–ညဉ့်သည်။ သုပိတုံ–ကာမဂုဏ်ရိပ်ငြိမ်၌ စည်းစိမ် တွေခံစား၍ ပျော်ပါးအိပ်စက်၍ နေခြင်းငှာ။ နတ္တေ၀ ဟောတိ– ဖြစ်ပေါ်၍ လာသည် မဟုတ်ပေ။ နက္ခတ္တမာလိနီ–နက္ခတ် အစဉ်တို့ဖြင့် ကြည်လင်အေးမြ အလွန်တောက်ပသော။ သောရတ္တိ–သားငှက် တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန်အေးမြ ဤညဉ့်ကာလသည်။ ဝိဇာနတံ၊ သဒ္ဓါ ပညာ ဝီရိယမြဲမြံသော သူတော်ကောင်းတို့အား။ ပဋိဇဂ္ဂိတုမေဝ၊ သံသရာဝဋ် တဏှာညွှတ်မှ လွတ်ရာလွတ်ကြောင်း ကောင်းစွာ အားထုတ်ခြင်းတည်းဟူသော မိမိခန္ဓာကိုယ်ကို လုပ်ကျွေး ပြုစုရန်သာလျှင်။ ဟောတိ၊မုချမသွေ ဖြစ်ပေါ်၍ လာလေသတည်း။

# နိဂုံး

ဤ "မေတ္တာစေတောဝိမုတ္တိ ကထာ" ကျမ်းကို လွန်ခဲ့သော ၁၃၃၂ ခုနှစ်က ရေးသားပြီးစီးပါသည်။ ထိုလက်ရေးစာမူကို အချို့ပုဂ္ဂိုလ်များက ငှားရမ်းကြည့်ရှုကြပြီး၊ ၎င်းကိုစာအုပ်အဖြစ် ရိုက်နှိပ်ရန် တိုက်တွန်းကြပါသည်။

ထို့ကြောင့် . . .

မိမိ၏တပည့် ဦးပဉ္စင်းများနှင့်တိုင်ပင်ပြီး ၎င်းတို့ ဆောင်ရွက်ချက်အရ ဤကဲ့သို့ စာအုပ်အဖြစ် ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဝန်းသိုမြို့ ခန္တီးရိပ်သာ ဆရာတော်ဘုရားကြီး နှင့်တကွ၊ မိမိအား တလုံးတပါဒ ပဲ့ပြင်သွန်သင် ဆုံးမပြသကြသော ဆရာသမားများအား ပူဇော်ကန်တော့ပါ၏။

"မေတ္တာ စိတ္တံ ဟိ ဒါနတော အတိရေကတရံပုည်" မေတ္တာဘာဝနာ ပွားများရခြင်းသည် ဒါနကုသိုလ်ပြုရခြင်းထက် အကျိုးထူးများမြတ်လှ၏ဟု ဝိနယ ဇာတ်တော်၌ ဟောတော်မူသောကြောင့် ဤမေတ္တာစေတောဝိမုတ္တိ ကထာကျမ်းကို ဖတ်ရှုပြီး မိမိတတ်အားသမျှ "ဆေးတအိုးကျွမ်း ကွမ်းတရာညက်" မေတ္တာတရားပွားများနိုင်ကြပါစေသတည်း။

**မေတ္တာစေတောဝိမုတ္တိကထာကျမ်း'**

**အလုံးစုံပြီး၏။**

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။

တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

- တရားအလှူသည် အလှူဟူသမျှကို အောင်နိုင်၏။
- တရားအရသာသည် အရသာဟူသမျှကို အောင်နိုင်၏။
- တရားဖြင့်မွေ့လျော်မှုသည် မွေ့လျော်မှု ဟူသမျှကို အောင်နိုင်၏။
- တဏှာ၏ကုန်ရာ နိဗ္ဗာန်သည်ကား ဆင်းရဲဒုက္ခ ဟူသမျှကို အောင်နိုင်၏။

ဓမ္မဒါနအလှူရှင်

ဝန်းသိုမြို့

မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်း၊

အတွင်းရေးမှူး ဦးလှအောင်၊ ခ-မ-ရ ၁၁၁မှ ဗိုလ်မှူးမြင့်မိုးဆို့နှင့်တကွ

ဝန်းသိုမြို့သူမြို့သား နယ်သူနယ်သားများ ကောင်းမှု